# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday 31 May 2018 ၉၃၀၃



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စပိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



စာမျက်နှာ - ၃

## ပြည်သူ့လွှတ်တော်အစည်းအဝေး သတင်း

စာမျက်နှာ - ၆

## အမျိုးသားလွှတ်တော်အစည်းအဝေး သတင်း

စာမျက်နှာ - ၇




# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် သွားရောက်တာဝန်ထမ်းဆောင်မည့် ဦးကျော်မိုးထွန်းအား လမ်းညွှန်မှာကြား

**နေပြည်တော် မေ ၃၀**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ သွားရောက်တာဝန်ထမ်းဆောင်မည့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းအား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်း၌ တွေ့ဆုံပြီး လိုအပ်သည့် မူဝါဒများကို လမ်းညွှန်မှာကြားသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ပန်းဆိုးတန်း-ဒလ ဆိပ်ကမ်း၌ ကူးတို့ရေယာဉ်များ ပုံမှန်ပြေးဆွဲလျက်ရှိ



ရန်ကုန်မြို့ ပန်းဆိုးတန်း-ဒလ ဆိပ်ကမ်း၌ ကူးတို့ရေယာဉ်များ ပြေးဆွဲနေသည်ကို တွေ့ရစဉ်။

**ရန်ကုန် မေ ၃၀**

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ် နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် မေ ၂၉ ရက်က လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းခြင်းများကြောင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြစ်အတွင်း၌ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဒလမြို့နယ်အတွင်း ကူးတို့ဆိပ်များအားလုံးရှိ စက်တပ်သမ္ဗန်များ ခေတ္တရပ်နားခဲ့ရသည်။

ညနေ ၃ နာရီနောက်ပိုင်းတွင် လေပြင်းများ ငြိမ်သက်သွားခြင်းကြောင့် စက်တပ်သမ္ဗန်များ ပုံမှန်ပြေးဆွဲလျက်ရှိပြီး ခရီးသည်များ လုံခြုံမှုရှိစေရေးအတွက် အသက်ကယ်အင်္ကျီများလည်း ထားရှိဆောင်ရွက်ပေးထားကြောင်း ကမာကဆစ် စက်တပ်သမ္ဗန်ကူးတို့ဆိပ်ဥက္ကဋ္ဌ ဦးမြင့်ထူးထံမှ သိရသည်။


စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ငြိမ်းချမ်းသောကာလ နယုန်လ

ယနေ့သည် နယုန်လပြည့်ကျော် ၂ ရက်နေ့ အင်္ဂလိပ်လအားဖြင့် မေလ ကုန်၊ မြန်မာလအားဖြင့် နယုန်လ ဖြစ်သည်။ နယုန်လသည် ထူးခြားသော လတစ်လဖြစ်ပြီး ဗုဒ္ဓဘုရားရှင်တရားတော်အရ ငြိမ်းချမ်းခြင်းလက္ခဏာကို ဆောင်ကြဉ်းသောလ၊ တစ်နည်းဆိုလျှင် ငြိမ်းချမ်းရေးလ ဖြစ်သည်။

မဟာသက္ကရာဇ် ၁၀၇ ခုနှစ်အတွင်းက ဂေါတမဘုရားရှင် သာကီဝင် မျိုးနွယ်များနေထိုင်သော ကပိလ၊ ဒေဝဒဟနှင့် ကောလိယ မြို့သုံးမြို့ရှိ မြို့သူမြို့သားများသည် များသောအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပြီး ရောဟိနီမြစ်ရေကို အဓိကအားထားကြသည်။ ရောဟိနီမြစ်သည် ဟိမဝန္တာမှ စီးဆင်းကာ ကပိလနှင့် ကောလိယ မြို့နှစ်မြို့ကြားမှ ဖြတ်သန်းသည်။ ထိုနှစ်တွင် မိုးခေါင်သောကြောင့် ရောဟိနီမြစ်ရေ နည်းပါးပြီး နှစ်နိုင်ငံမှ လယ်သမားများအတွက် ရေလုံလောက်အောင် မပေးနိုင်တော့ချေ။

ရေပြဿနာသည် နှစ်နိုင်ငံ ပြည်သူများအတွက် သေရေး၊ ရှင်ရေး ဖြစ်၍ ကျန်ရှိမြစ်ရေကို ခွဲဝေသုံးစွဲနိုင်ရန် မြစ်ကမ်းနံဘေး၌ တွေ့ဆုံ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲမှာ မပြေလည်။ ဆိုင်ရာ သံတမန်၊ ဝန်ကြီး၊ ဝန်လေးတို့နှင့် ဖြေရှင်းသော်လည်း မပြေလည်သောကြောင့် နောက်ဆုံးတွင် နှစ်ဖက်ပြည်သူများ လက်နက်စွဲကိုင် ဖြေရှင်းကြရတော့မည့် အခြေအနေရောက်ခဲ့သည်။

ရေပြဿနာဖြင့် စစ်ခင်းရတော့မည့်အရေးကို မြတ်စွာဘုရားရှင် သိတော်မူသဖြင့် ပြည်သူများအပေါ် မဟာကရုဏာသက်တော်မူပြီး ရန်ပွဲစဲစေခြင်းငှာ ရောဟိနီမြစ်အလယ်ရှိ သဲသောင်ပြင်ထက်ဝယ်သို့ သက်ဆင်းတော်မူသည်။ ဤတွင် နှစ်ဖက်မင်းနှင့် စစ်သည် ပြည်သူများ လက်နက်ချ၍ မြတ်စွာဘုရားအား ရှိခိုးဦးခိုက်ကြကုန်သည်။ ထိုအခါ မြတ်စွာဘုရားရှင်က ခိုက်ရန်ဖြစ်ပွားခြင်းကြောင့် သာယာဖွယ်မဖြစ်ပုံ၊ သူတစ်ပါးစကား အကြောင်းမဲ့ မယုံသင့်ပုံ၊ အင်အားနည်းသော်လည်း အင်အားကြီးသူကို အောင်မြင်နိုင်သည့်အခွင့်ရှိပုံ၊ ညီညွတ်သင့်မြတ်သဖြင့် အကျိုးရှိပုံ၊ မညီညွတ်မသင့်မြတ်ဘဲ ခိုက်ရန်ဖြစ်ပွားခြင်းကြောင့် အပြစ်ဖြစ်ပုံတို့ကို ဇာတ်တော်အလိုက် ဟောကြားဆုံးမတော်မူသည်။ ဇာတ်တော်ငါးဇာတ်ဖြင့် ဟောကြားဆုံးမတော်မူပြီး သံဝေဂဖြစ်စေနိုင်သည့် သုတ္တန်ကို ဟောကြားပြန်သည်။ ထိုအခါ နှစ်ဖက်မြို့သားများ သံဝေဂရပြီးနောက် ကောင်းသောအမှုတို့ကိုပြုပြီး ကျွတ်တမ်းဝင်ကြသည်။ ပဋိပက္ခများရပ်စဲပြီး ငြိမ်းအေးခြင်းသို့ရောက်ကြရသည်။ နှစ်ဖက်ချမ်းသာခြင်းကို ဖြစ်စေသည်။

မြတ်စွာဘုရားရှင်၏ မဟာကရုဏာတော်သည် ကြီးမားလှသည်။ လူနတ်ပြဟ္မာသတ္တဝါများ ချမ်းသာရေးကို ဖော်ဆောင်ပေးတော်မူခဲ့သည်။ များထိုလူတို့ ဒုက္ခဆင်းရဲနှင့် သေကျေပျက်စီးခြင်းကို ဖြစ်စေနိုင်သည့် ပဋိပက္ခများ၊ စစ်ပွဲများဖြစ်ပွားခြင်းကို အဆုံးသတ်နိုင်စေရန် လမ်းမှန်ညွှန်ပြ ဟောကြားဆုံးမပဲ့ပြင်ပေးတော်မူနိုင်ခဲ့သည်။ ဖော်ပြပါ ရန်စစ်မီးကို အပြီးတိုင်ငြိမ်းအေးအောင် ဆောင်ကြဉ်းပေးနိုင်တော်မူသည့်လမှာ ဤနယုန်လဖြစ်သည်။

ဤနယုန်လသည် လောကီ၊ လောကုတ် နှစ်ဖြာကောင်းကျိုးကို ဖြစ်ထွန်းစေခဲ့သည်။ ရာသီအားဖြင့် နွေလမှ မိုးလသို့ ကူးပြောင်းရောက်ရှိသော အချိန်ကာလဖြစ်သည်။ သစ်ပင်ပန်းမန်တို့သည်လည်း ရှေးကနှင့်မတူ အညွန့်အဖူးများ တလူလူနှင့် ရှစ်ခွင်တိုင်းတွင် စိုပြည်သာယာလှပ နေတော့သည်။ ကောင်းကင်တစ်ခွင်တွင် ညို့မှိုင်း၍ မိုးလေများနှင့် အုံ့ဆိုင်းနေတတ်သည်ဟု ရှေးစာဆိုများက မှတ်တမ်းတင်ခဲ့သည်။ ယခုနယုန်လတွင် ဤသို့ကြုံတွေ့နေကြသည်။

သို့ဖြစ်ရာ ဤနယုန်အခါကာလတွင် ရှစ်ခွင်တိုင်း သာယာခြင်းနှင့်အတူ မိုးသက်လေပြင်းများကိုလည်း အများပြည်သူ သတိမူကြရပေလိမ့်မည်။ ဤလအခါတွင် မြတ်စွာဘုရားရှင်ဟောဖော်ညွှန်ပြ ဆုံးမတော်မူသောကြောင့် ပြည်ထောင်သားများ ငြိမ်းအေးတော်မူခဲ့သကဲ့သို့ ခိုက်ရန်စဲပြီး ငြိမ်းချမ်းရေးကိုဖြစ်ထွန်းစေမည့် ကောင်းသောအမှုများကို ပိုမိုအားထုတ်ကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

# တိုင်းရင်းဆေးတက္ကသိုလ်၏ လိုအပ်ချက်များကို အထူးအလေးထားဖြည့်ဆည်းပေးသွားမည်

**နေပြည်တော် မေ ၃၀**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို)၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များ ထွက်ပေါ်လာစေရေးအတွက် တိုင်းရင်းဆေးတက္ကသိုလ်၏ လိုအပ်ချက်များကို အထူးအလေးထားဖြည့်ဆည်းပေးသွားမည် ဖြစ်ပြီး တိုင်းရင်းဆေးကဏ္ဍ ယခုထက် ပိုမိုတိုးတက်စေရေးအတွက် အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ထိုးခြင်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ခြင်းနှင့် တိုင်းရင်းဆေးဆိုင်ရာ အသုံးချသုတေသန လုပ်ငန်းများကိုလည်း ယခုထက် တိုးမြှင့် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို)၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း စသည့်အဖွဲ့အစည်းများအနေဖြင့် တိုင်းရင်းဆေးကဏ္ဍ ယခုထက် ပိုမိုတိုးတက်စေရေးနှင့် ပြည်သူများအား အာနိသင်ထက်မြက်ပြီး စစ်မှန်သော တိုင်းရင်းဆေးဝါးများဖြင့် အလုပ်အကျွေးပြုနိုင်ရေး အားလုံး ညီညွတ်စွာဖြင့် စုပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်နှင့် တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်သိန်းဌေးတို့က လက်ရှိ ဆောင်ရွက်ချက်အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၃၀**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၃၀၀၀ | - | ၉၃၃၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၃၀၀၀ | - | ၉၃၃၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၅/၉၃၀ ကျပ်၊ | ၉၉၀/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၈၀ ကျပ်၊ | ၉၅၀/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၆၅/၉၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၀/၉၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၅/၈၄၀ ကျပ်

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၃. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၁၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၂၂၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉. ၆၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၉၇၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၉. ၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၁၈ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၄. ၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၆. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၅၆၂ ကျောင်း အဆင့်တိုးမြှင့်

**မန္တလေး မေ ၃၀**

ကျောင်းနေအရွယ်ကလေးတိုင်း မိမိရပ်ရွာဒေသတွင် ပညာသင်ခွင့်ရရှိစေရန် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ထက်၊ လယ်၊ မူ အခြေခံပညာကျောင်းပေါင်း ၅၆၂ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီက ပြောကြားသည်။

အဆိုပါကျောင်းများအနက် အထက ၃၁ ကျောင်း၊ အလက ၁၆၆ ကျောင်း၊ အမက ၄၁ ကျောင်း၊ အထက(ခွဲ) ၉၈ ကျောင်း၊ အလက(ခွဲ) ၁၀၄ ကျောင်း၊ မူလွန် ၉၉ ကျောင်းနှင့် အမက(ခွဲ) ၂၃ ကျောင်း စုစုပေါင်း ၅၆၂ ကျောင်းကို ကျောင်းအဆင့်တိုး၍ ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

"ကျောင်းအဆင့်တိုးလာတဲ့အတွက် ကလေးတွေဟာ ကိုယ့်အိမ်ကနေ မိဘနဲ့ ရင်အုပ်မကွာနေထိုင်ရင်း ပညာသင်ကြားခွင့်ရသွားလို့ သူတို့ရဲ့ စိတ်ခါတ်လုံခြုံမှုရသွားတဲ့အပြင် မိဘတွေအနေနဲ့လည်း ငွေကြေးကုန်ကျစရိတ် သက်သာသွားတဲ့အတွက် ကလေးတွေရဲ့ ပညာသင်ယူမှု အခွင့်အလမ်းတွေ ပိုမိုတိုးတက်လာနိုင်ပါတယ်"ဟု ၎င်းကပြောသည်။

ယခုပညာသင်နှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထက်၊လယ်၊ မူ ကျောင်းပေါင်း ၆၃၈၆ ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ပေးခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးရှိ အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းပေါင်း ၄၆၄၆၈ ကျောင်းတွင် ကျောင်းသားကျောင်းသူပေါင်း ၉ ဒသမ ၆ သန်းကျော် ပညာသင်ကြားခဲ့ပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေး အသုံးစရိတ်၏ ၈၀ ရာခိုင်နှုန်းခန့်ကို အခြေခံပညာအတွက် ကျခံသုံးစွဲခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပညာရွှေအိုး လူမခိုး

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က
ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့်
ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှု အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ် ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စပိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၃၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Emilio De Miguel Calabia အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-စပိန် နှစ်နိုင်ငံဆက်ဆံရေးနှင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း တိုးမြှင့်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အထူးအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၃၀**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အထူးအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ဥက္ကဋ္ဌများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပြဿနာနှင့်ပတ်သက်ပြီး စိုက်ပျိုးမှုပြဿနာ၊ ထုတ်လုပ်မှုပြဿနာ၊ သယ်ဆောင်ရောင်းဝယ်မှုပြဿနာနှင့် သုံးစွဲမှုပြဿနာတို့ကို ရင်ဆိုင်နေရပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးမှုအနေဖြင့် ၂၅ ရာခိုင်နှုန်း၊ ထုတ်လုပ်မှုအနေဖြင့် ၁၄ ရာခိုင်နှုန်း သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုအပိုင်းမှာလည်း ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ စိတ်ကြွရူးသွပ်ဆေးဝါးထုတ်လုပ်သယ်ဆောင်မှုများသည် ပြည်တွင်း၊ ပြည်ပတွင် မြင့်တက်လာသည်ကိုတွေ့ရပါကြောင်း၊ သုံးစွဲမှုအပိုင်းတွင် ဘိန်း၊ ဘိန်းဖြူသုံးစွဲမှု ပြဿနာများ၊ ဘိန်းဖြူထိုးသွင်းခြင်းကြောင့် ဖြစ်ရသည့် HIV ကူးစက်မှု ပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း။

အမျိုးသားခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေး အစီအစဉ် စာရင်းဇယားများအရ ၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးမှတစ်ဆင့် ကူးစက်မှုနှုန်း ၁၈ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကိုတွေ့ရပါကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ တည်ငြိမ်အေးချမ်းရေး စသည့် ကဏ္ဍအားလုံးကို တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ ပျက်စီးဆုံးရှုံးစေလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တစ်ရပ်ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊နိုင်ငံတော်သမ္မတ၏ နိုင်ငံအခြေပြု မိန့်ခွန်းနှင့် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှာလည်း မူးယစ်ဆေးဝါး ပြဿနာနှင့် ပတ်သက်ပြီး ပိုမိုထိရောက်စွာလျှော့ချနိုင်ရေး ဆောင်ရွက်ရန်ပြောကြားထားပြီး ဖြစ်ပါကြောင်း၊ ပြောင်းလဲကျင့်သုံးလာမည့် မူဝါဒ၊ ဥပဒေနှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး မူးယစ်ဗဟိုအဖွဲ့၏ အဆင့်ဆင့်သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ပြောင်းလဲလာသည့် မူးယစ်ဆေးဝါးထိန်းချုပ်မှုပုံစံများအပေါ်အခြေခံပြီး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာသုံးသပ်ချက်များတင်ပြပြီး တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်မြင့်အောင်က မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူး သုံးစွဲမှုထိန်းချုပ်ရေး စီမံချက်ကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ အကြံပေး ကင်ယောင်ချို နယူးယောက်မြို့သို့ ထွက်ခွာ

**ပြုံယမ်း မေ ၃၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ အနီးကပ်အကြံပေးဖြစ်သူ ကင်ယောင်ချိုသည် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ ယနေ့ထွက်ခွာခဲ့ကြောင်း သတင်းများအရ သိရသည်။

ကိုရီးယားအလုပ်သမားပါတီ ဗဟိုကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချိုသည် မေ ၃၀ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့မှ နယူးယောက်မြို့သို့ ထွက်ခွာသွားခဲ့သည်။

နယူးယောက်မြို့တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့်တွေ့ဆုံမည်ဖြစ်ကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာယာဆန်းဒါးစ်က ဆိုသည်။

အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကျင်းပနိုင်ရေးတွင် ကင်ယောင်ချိုသည် အဓိက စေ့စပ်ညှိနှိုင်းမည့်သူတစ်ဦး ဖြစ်နိုင်ဖွယ်ရှိကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာယာဆန်းဒါးစ်က ပြောကြားခဲ့သည်။

ကင်ယောင်ချိုသည် မေ ၂၉ ရက်တွင် ပြုံယမ်းမှ ပေကျင်းမြို့သို့ ရောက်ရှိခဲ့ပြီး မေ ၃၀ ရက်တွင် ပေကျင်းမြို့မှ နယူးယောက်မြို့သို့ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

နယူးယောက်မြို့ခရီးစဉ်အတွင်း သတင်းထောက်များ၏ မေးမြန်းချက်များကို ကင်ယောင်ချိုက မည်သည့်မှတ်ချက်ပြောစကားကိုမျှ ပြောကြားခဲ့ခြင်းမရှိပေ။

ကင်ယောင်ချိုသည် ၂၀၀၀ ပြည့်နှစ်ကစပြီး အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံးအလည်အပတ်ရောက်ရှိသည့် မြောက်ကိုရီးယားထိပ်တန်းအရာရှိတစ်ဦး ဖြစ်လိမ့်မည်။ သူသည် အမေရိကန်အစိုးရအဖွဲ့၏ စောင့်ကြည့်စာရင်းတွင် ပါရှိသည်။ သို့သော် ယခုတစ်ကြိမ်တွင် သူ့အားအထူးခွင့်ပြုချက်ဖြင့် ပြည်ဝင်ခွင့်ပေးမည်ဖြစ်ကြောင်း ပြည်ပရေးရာဌာန ပြောရေးဆိုခွင့်ရှိသူ ဟီတာနေယုထ်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို။



မြောက်ကိုရီးယားခေါင်းဆောင်၏ အနီးကပ်အကြံပေး ကင်ယောင်ချို။



## ကက်ရှ်မီးယားဒေသ တည်ငြိမ်အေးချမ်းရေး ပါကစ္စတန်နှင့် အိန္ဒိယတပ်မှူးကြီးများ သဘောတူညီ

**နယူးဒေလီ မေ ၃၀**

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှ စစ်ဘက်ဆိုင်ရာ တပ်မှူးကြီးများသည် ၂၀၀၃ ခုနှစ်တွင် ရရှိခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို အပြည့်အဝအကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြိုင်ဘက်နိုင်ငံများဖြစ်ကြသော ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှ စစ်ဆင်ရေးလုပ်ငန်းများဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များသည် ပိုင်နက်အငြင်းပွားနေသော ကက်ရှ်မီးယားဒေသကို ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်းကြောင်းတစ်လျှောက် တင်းမာမှုလျှော့ချနိုင်ရန် ရည်ရွယ်လျက် သဘောတူညီချက်တစ်ရပ်ကို ရယူခဲ့ကြသည်။

ယခုနှစ်ဆန်းပိုင်းမှစ၍ ထိန်းချုပ်ရေးမျဉ်းကြောင်းတစ်လျှောက် နယ်စပ်ဖြတ်ကျော်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားဒါဇင်ပေါင်းများစွာနှင့် စစ်သည်အချို့ သေဆုံးရသည့်ဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်။

နှစ်နိုင်ငံမှ စစ်ဆင်ရေးလုပ်ငန်းများဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များသည် အရေးပေါ် တယ်လီဖုန်းလိုင်းမှတစ်ဆင့် ဆက်သွယ်ခဲ့ကြပြီး ကက်ရှ်မီးယားဒေသ၌ တည်ငြိမ်အေးချမ်းမှု ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။ မိမိတို့ နှစ်နိုင်ငံအကြား ၂၀၀၃ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အပြည့်အဝ အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြကြောင်း နှစ်နိုင်ငံတပ်မတော်တို့က ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

## ဂါဇာကမ်းမြောင်ကို အစ္စရေး၏ရေကြောင်းပိတ်ဆို့မှု ပါလက်စတိုင်းတို့က လှေများစီးနင်း၍ ကန့်ကွက်ဆန္ဒပြ

**ဂါဇာစီးတီး(ပါလက်စတိုင်းနယ်မြေ) မေ ၃၀**

ဂါဇာကမ်းမြောင်ဒေသအား အစ္စရေးက ရေကြောင်းမှပိတ်ဆို့ထားမှုကို ပါလက်စတိုင်းများက လှေများစီးနင်း၍ ကန့်ကွက်ဆန္ဒပြမှုကို မေ ၂၉ ရက်တွင် စတင်ပြုလုပ်ခဲ့ကြောင်း၊ အစ္စရေးဆန့်ကျင်ရေး အုံကြွမှုများ ရက်သတ္တပတ်ပေါင်းများစွာ ဖြစ်ပွားခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသဘက်မှ အစ္စရေးပိုင်နက်အတွင်းသို့ မေ ၂၉ ရက်အစောပိုင်းတွင် စိန်ပြောင်းများဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ယင်းသို့ရေကြောင်းမှ ဆန့်ကျင်ဆန္ဒပြမှုဖြစ်ပေါ်လာကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂါဇာစီးတီးရှိ ပင်လယ်ငါးဖမ်းသမားတို့၏ ရေဆိပ်မှလှေကြီးတစ်စင်းပေါ်တွင် ပါလက်စတိုင်းဆန္ဒပြသမား ၂၀ ဝန်းကျင် လိုက်ပါခဲ့ပြီး ယင်းလှေကြီးကို လှေငယ်များခြံရံ၍ ထွက်ခွာသွားကြောင်း အေအက်ဖ်ပီသတင်းထောက်က သတင်းပေးပို့သည်။

လှေစီးဆန့်ကျင်ဆန္ဒပြသူအချို့က ၎င်းတို့အား ခွင့်ပြုထားသည့် အကွာအဝေးဖြစ်သော ကမ်းရိုးတန်းမှ ၁၆ ကီလိုမီတာ အကွာအဝေးထက် ကျော်လွန်ကာ ဆန္ဒပြခြင်းရှိ၊ မရှိ အတိအကျမသိရပေ။

၎င်းတို့သည် အစ္စရေး၏ရေကြောင်းမှ ပိတ်ဆို့မှုကို ချိုးဖောက်ခြင်း ရှိ၊ မရှိ အငြင်းပွားပြောဆိုမှုများရှိနေသည်။ ယင်းရေကြောင်းဆန္ဒပြမှုအပေါ် အစ္စရေးစစ်ဘက်က မည်သို့တုံ့ပြန်မည်ကို မှတ်ချက်ပြုပြောကြားခြင်း မရှိပေ။

**အေအက်ဖ်ပီ**



## ပါရီမြို့ရှိ တူးမြောင်းနံဘေးခိုလှုံနေသော ဒုက္ခသည်များကို ရဲတပ်ဖွဲ့က နေရာရွှေ့ပြောင်း



**ပါရီ မေ ၃၀**

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ တူးမြောင်းတစ်ခုနံဘေးတွင် ရွက်ဖျင်တဲထိုးကာ ယာယီခိုလှုံလျက်ရှိကြသော ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ ဒုက္ခသည်ရာပေါင်းများစွာအား ရဲတပ်ဖွဲ့က ရှင်းလင်းသည့်စစ်ဆင်ရေးတစ်ရပ်ကို မေ ၃၀ ရက်က ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပါရီအရှေ့မြောက်ဘက်ရှိ တူးမြောင်းတစ်ခု၏နံဘေးတွင် ရွက်ဖျင်တဲများထိုးကာ စခန်းချနေထိုင်လျက်ရှိနေသူများကို ရွှေ့ပြောင်းစေရန် ရဲတပ်ဖွဲ့ဝင်များက ညွှန်ကြားခဲ့သည်။

တူးမြောင်းဘေးတစ်လျှောက် နေထိုင်လျက်ရှိကြသော ဒုက္ခသည်များကို ပါရီဒေသတစ်ဝန်း၌ ဖွင့်လှစ်ထားရှိသော စခန်း ၂၀ ကျော်သို့ ယာယီရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ယင်းဒုက္ခသည်များနှင့်ပတ်သက်၍ ကိုယ်ရေးအချက်အလက်များကို အာဏာပိုင်များက စိစစ်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဂျရတ်ကိုလွမ်းက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ပါရီအရှေ့မြောက်ဘက်ရှိ ပို့ဒီလာဗီးလတ်အမည်ရှိ စခန်းအနီး၌ မေ ၃၀ ရက် အရုဏ်တက်ချိန်တွင် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များကိုဖြန့်ကြက်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်အချို့မှာ မော်တော်ဘုတ်များဖြင့် ရောက်ရှိလာခဲ့ကြောင်း၊ ယင်းနောက်တွင် ဒုက္ခသည်များကို ဘတ်စ်ကားများပေါ်သို့ တင်ဆောင်ကာ သက်ဆိုင်ရာ စခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ပို့ဒီလာဗီးလတ်စခန်း၌ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ ဒုက္ခသည် ၁၅၀၀ ခန့် နေထိုင်ခဲ့ပြီး မြို့တော်ရှိ ဒုက္ခသည်စခန်းများအနက် အကြီးဆုံးဖြစ်သည်။

ဒုက္ခသည်အများစုမှာ အာဖရိကတိုက်မှဖြစ်ကြပြီး ပို့ဒီလာဗီးလတ်စခန်း၌ ရက်သတ္တပတ်ပေါင်း အတန်ကြာမျှ နေထိုင်လာခဲ့ကြသူများ ဖြစ်ကြသည်။

**အေအက်ဖ်ပီ**

# တပ်မတော်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဆဋ္ဌမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် မေ ၃၀**

နှစ်ဦးနှစ်ဖက် အပြန်အလှန် ထိတွေ့ဆက်ဆံမှုနှင့် ယုံကြည်မှုတည်ဆောက်သည့်အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်းကျင်းပသည့် ဆဋ္ဌမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီစာပေတိုက်၌ ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးအုန်းကြိုင်နှင့် ဒေါက်တာမျိုးသန့်တင်၊ သတင်းမီဒီယာကောင်စီ အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဗိုလ်ချုပ်ထွန်းထွန်းညီနှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးအုန်းကြိုင်နှင့် ဒေါက်တာမျိုးသန့်တင်တို့က အဖွင့်အမှာစကားပြောကြားပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးက တက်ရောက်လာသော သတင်းမီဒီယာများနှင့် အဖွဲ့ဝင်များအား မိတ်ဆက်ကာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံမှုသည် ခြောက်ကြိမ်ဖြစ်သည့်အတွက် တစ်ဖက်နှင့်တစ်ဖက် နားလည်မှု၊ ယုံကြည်မှု၊ ဆက်ဆံရေးလည်း ပိုမိုကောင်းမွန်လာကြောင်းနှင့် အပြန်အလှန် အချိန်ပေး၍ ဆွေးနွေးသွားမည်ဟု နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ထွန်းထွန်းညီက Access to Information နှင့် တပ်မတော်နှင့် ပူးပေါင်းပြီး သတင်းမီဒီယာများ လွတ်လပ်စွာ သတင်းရယူခွင့်နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ သတင်းစီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးကိစ္စရပ်များ၊ တပ်မတော်နှင့် သတင်းမီဒီယာကောင်စီဝင်များအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဥပဒေဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင်က နိဂုံးချုပ်စကား ပြောကြားရာတွင် ယနေ့ ဆဋ္ဌမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲသည် အောင်မြင်ပါကြောင်းနှင့် တစ်ဖက်နှင့်တစ်ဖက် သဘောထားကို ညှိနှိုင်း၍ ရပါကြောင်း၊ သတင်းမီဒီယာများကို အကောင်းဆုံး ထိန်းသိမ်းကြပ်မတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦးက နိဂုံးချုပ်စကား ပြောကြားရာတွင် သတင်းမီဒီယာအစည်းအဝေး ပထမဆုံးအကြိမ်မှ ယခုအကြိမ်အထိ ဆက်ဆံရေးကနေ ယုံကြည်မှုကို တဖြည်းဖြည်း ရောက်လာသည့်အတွက် ဝမ်းသာပါကြောင်း ပြောကြားသည်။

ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ညနေပိုင်းတွင် ရပ်နားသည်။ တပ်မတော်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အလုပ်ရုံဆွေးနွေးပွဲများကို ယခုတစ်ကြိမ် အပါအဝင် ခြောက်ကြိမ် ပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်း အခါအားလျော်စွာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လေပြင်းတိုက်ခတ်မှုကြောင့် ဆယ်အိမ်တန်းကမ်းခြေရှိ စားသောက်ဆိုင်များ ပြိုလဲပျက်စီး

**ကွမ်းခြံကုန်း မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် မေ ၂၉ ရက် နံနက်ပိုင်းက လေရောမိုးပါ ပြင်းထန်စွာ တိုက်ခတ်ရွာသွန်းခဲ့ရာ ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆယ်အိမ်တန်းကမ်းခြေ၌ နေ့စဉ် လာရောက်အပန်းဖြေကြသော ပြည်သူများအတွက် ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များနှင့် အပန်းဖြေအနားယူသည့်နေရာမှထိုးများ ပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

အဆိုပါ ဆယ်အိမ်တန်းကမ်းခြေမှာ နေ့စဉ် မွန်းလွဲ ၁ နာရီဝန်းကျင်တွင် ပုံမှန်ရေတက်လေ့ရှိပြီး ယင်းနေ့ နံနက်ပိုင်းကတည်းက လေပြင်းထန်စွာ တိုက်ခတ်၍ မိုးရွာသွန်းခဲ့ကြောင်း သိရသည်။ ညနေ ၃ နာရီခန့်တွင် ရေတက်လာပြီး လှိုင်းလုံးများ ပိုမိုကြီးမားလာကာ လေရောမိုးပါ ပြင်းထန်စွာ တိုက်ခတ်ရွာသွန်းမှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် စားသောက်ဆိုင်မှ ပစ္စည်းများကို ဆယ်အိမ်တန်း ကျေးရွာအတွင်း ပြောင်းရွှေ့ခဲ့ရကြောင်း ရွှေဂွန်းပျံ စားသောက်ဆိုင်မှ ကိုအေးနိုင်က ပြောသည်။

"နှစ်စဉ် မိုးဦးကျကာလရောက်ပြီဆိုရင် လေတိုက်၊ မိုးရွာတဲ့အတွက်ကြောင့် ဆိုင်တွေ ဖရိုဖရဲဖြစ်နေကျဆိုပေမယ့် ဒီနှစ်က လေပြင်း၊ မိုးရွာ အကြမ်းဆုံးဖြစ်တာပါ၊ လေတိုက်၊ မိုးရွာ စဖြစ်တာကတော့ မေ ၂၈ ရက်ကတည်းကပါ၊ ဒါပေမယ့် မနေ့က ဖြစ်စဉ်ကတော့ မိုးရောလေပါ တအားတိုက်ခတ်ရွာသွန်းလို့ ကမ်းခြေက စားသောက်ဆိုင် အလုံး ၄၀ ပျက်စီးခဲ့ပါတယ်၊ ညနေ ၄ နာရီမှာတော့ အပြင်းထန်ဆုံးပါ၊ ရေပြန်ကျချိန် ညနေ ၆ နာရီမှာ လေတိုက်တာ ငြိမ်သွားပြီး မိုးရွာတာပါ ရပ်သွားပါတယ်၊ ရွာထဲက ဘုန်းကြီးကျောင်းရှေ့က သစ်ကိုင်းတွေကတော့ နည်းနည်းပါးပါး ကျိုးကျတယ်၊ ကမ်းခြေက စားသောက်ဆိုင်တွေကို ရွာထဲ ပြောင်းရွှေ့နေကြပါတယ်၊ ဒီနေ့တော့ လေရောမိုးပါ လျော့နည်းသွားပါပြီ"ဟု ပြောသည်။

၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး လူသိပိုများလာသော ဆယ်အိမ်တန်းကမ်းခြေမှာ တစ်နှစ်ပတ်လည်လုံး နေ့စဉ် လာရောက်အပန်းဖြေကြသော ပြည်သူများဖြင့် စည်ကားလျက်ရှိသောကြောင့် ပျက်စီးခဲ့သည့် စားသောက်ဆိုင်ခန်းများကို ရက်သတ္တတစ်ပတ်အတွင်း ပြန်လည်ပြုပြင်ဆောက်လုပ်သွားမည် ဖြစ်ကြောင်း ဆယ်အိမ်တန်းကမ်းခြေသာယာရေးကော်မတီမှ သိရသည်။

"ဆိုင်တွေပြန်ဆောက်ဖို့ တစ်ပတ်အတွင်း ပြင်ဆင်ဆောက်လုပ်မှာပါ၊ ဆိုင်တန်းတွေ ရှေ့က အနားယူတဲ့ ထီးတွေကတော့ မိုးဖို့မလွယ်တော့ပါဘူး၊ မိုးရွာပြီဆိုတော့ လှိုင်းတောက်လျှောက် လာတော့မှာပါ၊ စားသောက်ဆိုင်တွေ ပြန်လည်ပြင်ဆင် ဆောက်လုပ်ပြီးစီးပြီဆိုရင်တော့ အပန်းဖြေလာကြမယ့် ဧည့်သည်တွေကို ပြန်မျှော်ရမှာပေါ့ဗျာ"ဟု ကိုအေးနိုင်က ပြောသည်။

ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာအုပ်စုအတွင်း ဆယ်အိမ်တန်း၊ အလယ်ရွာ၊ ချောင်းဝနှင့် အောက်ဆိပ်ရွာအုပ်စုများ ရှိပြီး ဆယ်အိမ်တန်း ကျေးရွာတွင် အိမ်ထောင်စု ၂၈၀ ကျော်နှင့် လူဦးရေ ထောင်ကျော်ရှိကာ အသက်မွေးဝမ်းကျောင်းအဖြစ် ရေလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြကြောင်း သိရသည်။ ဆယ်အိမ်တန်းကျေးရွာကို ဖြတ်သန်းပြီး ကမ်းခြေတည်ရှိရာဖြစ်သော အဆိုပါ ဆယ်အိမ်တန်း ကမ်းခြေရှိ စားသောက်ဆိုင်တန်းများ၌ ဖွင့်လှစ်ရောင်းချသည့် နာမည်ကြီးငါးသလောက်အိုးမှောက်နှင့် ကဏန်း၊ ပုစွန်အစားအစာများမှာ လာရောက်အပန်းဖြေ လည်ပတ်ကြသည့် ဧည့်သည်များအတွက် အကြိုက်ဖြစ်စေပြီး နှစ်ခြိုက်စွာ စားသုံးကြကြောင်းလည်းသိရသည်။



**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**

# သံတောင်ကြီးမြို့တွင် လေပြင်းတိုက်ခတ် အဆောက်အအုံနှင့် နေအိမ်အချို့ ပျက်စီး

**သံတောင်ကြီး မေ ၃၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် မေ ၂၉ ရက် ညနေပိုင်းမှစ၍ လေပြင်းတိုက်ခတ်မှုကြောင့် အစိုးရအဆောက်အအုံအချို့နှင့် လူနေအိမ်အချို့ အမိုးလန် ပျက်စီးခဲ့သည်။ သစ်ပင်များ ပြိုလဲခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြစ်ကြီးနားတွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ပြိုလဲကာ မိသားစုသုံးဦး ဒဏ်ရာရ

**မြစ်ကြီးနား မေ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မေ ၃၀ ရက် နံနက် ၉ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အောင်နန်းရပ်ကွက် နယ်မြေ(၁) မီးရထားဝင်း စက်ခေါင်းရုံလိုင်းခန်းရှိ သက်တမ်းရင့် ညောင်ပင်အိုပြိုလဲရာမှ မီးရထားဝန်ထမ်း ဦးထွန်းမင်းထွေးနှင့် မောင်ချစ်မင်းနိုင်(၂)နှစ်ခွဲတို့တွင် ဒဏ်ရာ(မစိုးရိမ်ရ)၊ တစ်လသားအရွယ် ယောကျ်ားလေးတစ်ဦးတွင် ဦးခေါင်းထိခိုက်ဒဏ်ရာ(စိုးရိမ်ရ)များ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ပင်ပြိုလဲရာသို့ မြစ်ကြီးနားခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူနှင့် သန္တေတပ်ဖွဲ့ဝင် ၂၀၊ အရန်တပ်ဖွဲ့ဝင် ၃၅ ဦးတို့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြိုလဲနေသည့် သစ်ပင်ကို ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာနေအိမ်အချို့ အမိုးလန် ပျက်စီး

**မိတ္ထီလာ မေ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မေ ၃၀ ရက် နံနက် ၃ နာရီက လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ဂဠုန်ကုန်းကျေးရွာအုပ်စု ခါးကော့ကျေးရွာ ရွာလယ်လမ်းမပေါ်ရှိ လုံးပတ် သုံးပေခန့်၊ အမြင့် ပေ ၃၀ ခန့်ရှိ မန်ကျည်းပင် လဲကျရာ ဘုန်းတော်ကြီးကျောင်း၏ ဝင်းတံခါး (သံတံခါး) ပျက်စီးခဲ့ပြီး ကွန်ကရစ်ဓာတ်တိုင် နှစ်တိုင် ပျက်စီးခဲ့သည်။ ထို့နောက် ရေချိုကျေးရွာရှိ နေအိမ်သုံးလုံး၏ သွပ်အမိုးများလန် ပျက်စီးခဲ့သည်။ အလားတူ သီးပင်ကုန်းကျေးရွာတွင် လုံးပတ်ခြောက်ပေ၊ အမြင့် ပေ ၃၀ ခန့်ရှိ မန်ကျည်းပင်မှာ အမြစ်မှလဲကျပြီး နေအိမ်ပေါ်သို့ ပိမိခဲ့သဖြင့် ပျက်စီးခဲ့ရာ ၎င်းပျက်စီးသည့်နေရာများသို့ တာဝန်ရှိသူများက သွားရောက်၍ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီး နွားတစ်ကောင် သေဆုံး

**အထက်မင်းလှ မေ ၃၀**

သရက်ခရိုင်တွင် မေ ၃၀ ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် မင်းလှမြို့နယ်ရှိ တောင်ရပ်ကွက်တွင် လူနေအိမ် တစ်လုံး၊ မြောက်ရပ်ကွက်တွင် လူနေအိမ် နှစ်လုံး၊ သီးကုန်းကျေးရွာတွင် လူနေအိမ် တစ်လုံး၊ ရှမ်းတပ်ငယ်ကျေးရွာတွင် လူနေအိမ် လေးလုံး၊ ချင်းကုန်းကျေးရွာတွင် လူနေအိမ် နှစ်လုံး၊ မြောက်မျှားကုန်းကျေးရွာတွင် လူနေအိမ် တစ်လုံး၊ ငလှိုင်ကျေးရွာတွင် လူနေအိမ် တစ်လုံး၊ ဆင်ဖြူကန်ကျေးရွာတွင် လူနေအိမ် နှစ်လုံးနှင့် နွားတင်ကုပ်တစ်လုံး အမိုးများလန်ခဲ့ပြီး သံပုရာကန်ကျေးရွာတွင် သစ်ပင်ပိ၍ နွားတစ်ကောင် သေဆုံးခဲ့သည်။ အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၆၃ ဦး လေဘေးဒဏ်ခံစားရကာ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၈၇၃၀၀၀ ရှိကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**



# မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်သဖြင့် လူနေအိမ်တစ်လုံး သစ်ပင်ပိ

**တပ်ကုန်း မေ ၃၀**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း နှစ်ရက်ကြာ မိုးရွာသွန်းလျက်ရှိပြီး လေပြင်းတိုက်ခတ်သဖြင့် အောင်မြေရိပ်သာကျေးရွာအုပ်စု အောင်မြေရိပ်သာကျေးရွာတွင် မေ ၃၀ ရက် နံနက် ၇ နာရီခွဲက သက်တမ်းရင့် မလွှပင်ကြီး အမြစ်လန်၍ နေအိမ်ပေါ်သို့ လဲပြိုပိမိပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၅-၂၀၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃)၌ ဖော်ပြခဲ့သော ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ မက်ထရစ်တန်ချိန် လေးသန်းတင်ပို့ရန်လျာထား သတင်းအောက်ဆုံးအပိုဒ်တွင် "မက်ထရစ်တန်ချိန် ၃၀၀၀၀ ကျော်" အစား "မက်ထရစ်တန်ချိန် သုံးသန်းကျော်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဇာနည်မောင်**

# စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို လွှတ်တော်က သဘောတူ

**နေပြည်တော် မေ ၃၀**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ**ကို လွှတ်တော်က သဘောတူအတည်ပြုလိုက်သည်။



ရမ်းဗြဲ မဲဆန္ဒနယ်မှ ဦးကျော်ရွှေ



အင်ပူ မဲဆန္ဒနယ်မှ ဦးအေးဝင်း

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ရှင်းလင်းဖြေကြားသည်။

ရမ်းဗြဲ မဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ **ရမ်းဗြဲမြို့နယ်တွင် ဒေါ်ရထ ချောင်းကူးတံတား တည်ဆောက်ပေးရန် အစီ အစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ဒေါ်ရထချောင်းတံတားသည် မရွတ်ချိန်ကျေးရွာအုပ်စု၊ အဝတောင်ကျေးရွာအုပ်စု-မရွတ်ချိန်ရွာမှ အလယ်ရွာတောင်ပေါ်သို့ ဆက်သွယ်သည့် ကျေးရွာချင်းဆက် မြေသားလမ်းပေါ်တွင် တည်ရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော တံတားဖြစ်ပါကြောင်း၊ အဆိုပါတံတား တည်ဆောက်မည့် ဒေါ်ရထချောင်း အကျယ်မှာ ၂၅၂ ပေရှိပြီး ဒီရေအတက်ဆုံးအချိန်တွင် အမြင့်ပေ ၂၈ ပေခန့်ရှိပြီး ဒီရေအကျဆုံးအချိန်တွင် အမြင့် ၈ ပေခန့်ရှိပါကြောင်း၊ ချောင်းကူးတံတား တည်ဆောက်ပြီးပါက အကျိုးပြုကျေးရွာပေါင်း ၃ ရွာ၊ အိမ်ခြေ ၂၆၉ လုံးနှင့် လူဦးရေ ၁၄၀၀ ခန့် အကျိုးပြုမည်ဖြစ်ပါကြောင်း။

ဒေါ်ရထချောင်းကူးတံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)တွင် ပါဝင်သော လမ်းပေါ်တွင် တည်ရှိသဖြင့် ၂၀၁၉-၂၀၂၀ နောက်ပိုင်းကာလများတွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကလေး မဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏ **ကလေးမြို့နယ်ရှိ အဘက်ဘက်မှ နိမ့်ကျလျက်ရှိသော မြစ်သာမြစ် အရှေ့ဘက်ကမ်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့တော်ကြီးများကို ခရီးအတိုဆုံးနှင့် အထိရောက်ဆုံးချိတ်ဆက်နိုင်ပြီး ပြည်ထောင်စုလမ်းမကြီးအဖြစ်ပါ အသုံးပြုနိုင်မည့် မြစ်သာမြစ်ကူးတံတားတည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မြစ်သာမြစ်ကူးတံတားသည် သာယာဝတီ-ထိုမာ-ပေါက်တောလမ်းနှင့် ကလေး-ဂန့်ဂေါ လမ်းမကြီးတို့ ဆက်သွယ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းပေါ်တွင် တည်ရှိသည့် တံတားဖြစ်ပါကြောင်း၊ သာယာဝတီ-ထိုမာ-ပေါက်တောလမ်း ၈ မိုင် ၁ ဖာလုံအနက် ၁ မိုင် ၃ ဖာလုံသည် ကျောက်ချောလမ်းဖြစ်ပြီး ၂ မိုင် ၆ ဖာလုံ သဲကျောက်လမ်းနှင့်ကျန် ၄ မိုင်သည် မိုးရာသီတွင် ရေဝင်သည့်ဧရိယာဖြစ်ပါကြောင်း၊ အဆိုပါ တံတားတည်ဆောက်ပြီးပါက မြစ်သာမြို့ အရှေ့ဘက်ကမ်းရှိ ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၃၁၅၄ အိမ်နှင့် လူဦးရေ ၁၄၂၀၀ ခန့်ကို အကျိုးပြုမည်ဖြစ်ပါကြောင်း။

မြစ်သာမြစ်ကူးတံတားတည်ဆောက်မည့်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A)ဦးစားပေးအဆင့်(၁)တွင် ပါဝင်သောကြောင့် တံတားတည်ဆောက်မှုနှင့် ပတ်သက်၍ သံကူကွန်ကရစ်ကမ်းကပ်ခုံများနှင့် ရေလည်တိုင်များ သံပေါင်ဘေလီတံတား တည်ဆောက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အင်ပူ မဲဆန္ဒနယ်မှ ဦးအေးဝင်း၏ **အင်ပူမြို့နယ်အတွင်းရှိ အင်ပူ-ညောင်ကျိုးလမ်းကို ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှ ချထားပေးသည့် ငွေဖြင့်ဆောင်ရွက်ထားသောလုပ်ငန်းများကို သက်ဆိုင်ရာများက စစ်ဆေးစိစစ်ပေးရန်နှင့် ၎င်းလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အင်ပူ-ညောင်ကျိုးလမ်းသည် ခိုင်ခံ့မှုအားနည်းသည့် သစ်သားတံတားနေရာ၌ ပေ ၄၀ အရှည်၊ ၂၄ပေ အကျယ် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ ၁ မိုင် ၂ ဖာလုံအား ၃၄ ပေအကျယ် မြေသားတာပေါင်ချဲ့ခြင်း၊ ပျက်စီးနေသည့် ကွန်ကရစ်လမ်းပိုင်း ၄ ဖာလုံကို ထပ်ပိုးလွှာခင်းခြင်း၊ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၁ မိုင်ခင်းခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး ရန်ပုံငွေတွင် လျာထားပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် အမာခံလမ်းပိုင်း ၇ မိုင်ကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် တိုင်းဒေသကြီး ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)ဦးတင်ကြိုင်နှင့် ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ရှင်းလင်းဖြေကြားသည်။

## အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် လုံလောက်သည့် ကာကွယ်မှုပြုလုပ်ပေးပါရန်အဆို လက်ခံဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်



ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးသောင်းအေး

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်စေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာ ပူးပေါင်းဖော်ထုတ် တိုက်ဖျက်ပြီး လုံလောက်သည့် ကာကွယ်မှုပြုလုပ်ပေးပါရန်** အဆိုတင်သွင်းရာ နိုင်ငံတော်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် ၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက်တွင် ထုတ်ပြန်ထားပါကြောင်း၊ ယင်းဥပဒေတွင် အခန်း(၁၉)ခန်းပါရှိပါကြောင်း၊ **၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တို့အတွင်း** ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကိုကြည့်ပါက တပ်မတော်အပါအဝင်၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့လုံခြုံရေးစခန်းများကို အင်အားသုံးတိုက်ခိုက်ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့များကို လူသားတံတိုင်းသုံး၍ ဟန့်တားတိုက်ခိုက်ခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်း၊ လူနေအိမ်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာ သတင်းပေးသူများ၊ လူနည်းစုတိုင်းရင်းသားများကို ရက်စက်စွာသတ်ဖြတ်ခြင်း၊ ဌာနေပြည်သူများကို နေရပ်စွန့်ခွာ ထွက်ပြေးစေရန် ခြိမ်းခြောက်ခြင်း စသည့် လုပ်ဆောင်မှုများကို ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ဆောင်ချက်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းချက်ပါ အကြမ်းဖက်မှုများနှင့် အကျုံးဝင်နေကြောင်းကို ငြင်းပယ်၍မရနိုင်ပါကြောင်း၊ ထို့ကြောင့် ယင်းဥပဒေကို ထိရောက်စွာကိုင်တွယ်အသုံးပြုရန် လိုအပ်ပါကြောင်း။

လက်ရှိအခြေအနေတွင် UN,OIC နှင့် နိုင်ငံတကာ အဖွဲ့အစည်းများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို မျက်ကွယ်ပြုပြီး မမှန်သတင်းနှင့် ဝင်ရောက်စွက်ဖက် ဖိအားပေးမှုများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC)နှင့် အပြည်ပြည်ဆိုင်ရာတရားရုံး (ICC) သို့ ဦးတည်နေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးခြိမ်းခြောက်နေသည့်အပြင် နိုင်ငံတော်အစိုးရက လူသားချင်းစာနာမှုများနှင့် နိုင်ငံတကာအကူအညီရယူပြီး ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်မှုများကိုလည်း အားလျော့စေလျက်ရှိနေပါကြောင်း။

အစိုးရအနေဖြင့် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့်ညှိနှိုင်းပြီး ယင်းဥပဒေအပါအဝင် တည်ဆဲဥပဒေအရပ်ရပ်နှင့် အကြမ်းဖက်အဖွဲ့အစည်းများ၊ အကူအညီပေးသူများ၊ လှုံ့ဆော်သူများ၊ ကြံရာပါများကို တစိုက်မတ်မတ် ဖော်ထုတ်အရေးယူပြီး ပြည်သူများကို ထိရောက်သည့် ကာကွယ်မှုပေးရန် လိုအပ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတကာသိရှိအောင် ပြောဆိုနိုင်စွမ်းရှိသည့်သူများကလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ်သည် ရည်ရွယ်ချက်ရှိရှိနှင့် လူမျိုးတစ်မျိုး၊ နယ်မြေတစ်ခုပေါ် ပေါက်လာရန် မိမိတို့အချုပ်အခြာအာဏာကို လုံခြုံရေးစခန်းများ၊ ကျေးရွာများနှင့် ဒေသခံပြည်သူများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးပြီး ပြဿနာကြီးထွားရန် ဖန်တီးကြသည်ဟု ပြတ်သားစွာ ရှင်းလင်းပြောကြားစေလိုပါကြောင်း။

ယခုကာလအတွင်းတွင် မိမိတို့ကို လူမျိုးတုံးသတ်သည်၊ မုဒိမ်းကျင့်သည်၊ လူ့အခွင့်အရေးဖောက်ဖျက်သည် စသည့်စွပ်စွဲမှုများ မဟုတ်မမှန်ကြောင်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသည့် IPU ညီလာခံတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က OIC နိုင်ငံများ၏ စွပ်စွဲချက်များကို တုံ့ပြန်ရှင်းပြသကဲ့သို့ UN မြန်မာအမြဲတမ်းကိုယ်စားလှယ်က လုံခြုံရေးကောင်စီတွင် ၂၀၁၈ ခုနှစ် မေ ၁၆ ရက်က တုံ့ပြန်ဖြေကြားခဲ့ပါကြောင်း၊ ယခုကဲ့သို့ အမှန်တရားများကို နည်းမျိုးစုံဖြင့် ကမ္ဘာကသိစေရန် ဆောင်ရွက်ကာကွယ်ကြရန် လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံ အဖွဲ့အစည်းအသီးသီး၏ ဖိအားများကို စိုးရိမ်ပြီး အမျိုးသားလုံခြုံရေးကို လျစ်လျူရှုလျက်နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ၎င်းတို့ကို လွတ်လပ်စွာသွားလာခွင့်ပြုပြီး လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးအပြည့်အဝရရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်နေပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် စိုးရိမ်ဖွယ်ရာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအားလက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

## ဥပဒေကြမ်းဖတ်ကြားရှင်းလင်း

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးအေးနိုင်က မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား တင်သွင်းပြီး အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်စိန်က အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းအစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းဖုန်းမြတ်က ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပေးပို့သော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က သဘောတူသဖြင့် ပြင်ဆင်ထားသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲများအတိုင်း အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ဇွန် ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## ရသုံးမှန်းခြေနှင့် ယစ်မျိုးခွန်ဥပဒေကြမ်း ကရင်ပြည်နယ်လွှတ်တော် အတည်ပြု

**ဘားအံ မေ ၃၀**
ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၃၀ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေး တက်ရောက်ခွင့်ရှိသူ ၂၃ ဦးအနက် ၂၀ ဦး တက်ရောက်ကြောင်း သိရသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ကြယ်ပွင့်ပြထားသည် မေးခွန်းခုနစ်ခုကို မေးမြန်းရာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ)အတွက် ကရင်ပြည်နယ်ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ် ကရင်ပြည်နယ် ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား ပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ရန်အတွက် ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းနိုင်က အဆိုတင်သွင်းသည်။ သံတောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောလှမြင့်နှင့် မြဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်တို့က ယင်းငွေစာရင်းနှင့် ဥပဒေကြမ်းတို့အား အသီးသီးထောက်ခံခဲ့သဖြင့် ယင်းဥပဒေကြမ်းများကို အတည်ပြုရန် ပြည်နယ်လွှတ်တော်၏အတည်ပြုချက်ရယူခဲ့ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ယင်းဥပဒေကြမ်းများအား အတည်ပြုကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့ပြီး ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

**နေပြည်တော် မေ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကအတည်ပြုခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း သုံးခုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်း၊ အဆိုတစ်ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတက်ထွန်းအောင်၏ **ရခိုင်ပြည်နယ် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ပေါက်တောမြို့နယ် အလယ်ဖရုံကာကျွန်း ဆင်အိုင်ကျေးရွာအနီးရှိ ဆင်အိုင်မြောင်ကိုပိတ်၍ တစ်ဖက်ပိတ်ဆည် ပြုလုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တစ်ဖက်ပိတ်ဆည် တည်ဆောက်ပေးရန် အဆိုပြုသောနေရာမှာ အလယ်ဖရုံကာကျွန်း ဆင်အိုင်ကျေးရွာအနီးရှိ ဆင်အိုင်လျှိုကိုပိတ်၍ တည်ဆောက်ရမည့်နေရာဖြစ်ပြီး လျှိုပိတ်ဆည်တည်ဆောက်ရမည့်နေရာမှာ အောက်ခံမြေလွှာ ဘူမိဗေဒအနေအထားအရ အလွယ်တကူ ရေယိုစိမ့်ထွက်နိုင်သော ကျောက်သားလွှာများဖြစ်သောကြောင့် လည်းကောင်း၊ မြေသားတမံ တည်ဆောက်ရန်အတွက် ရေလုံသောဖို့မြေအမျိုးအစား မရရှိနိုင်သောကြောင့် လည်းကောင်း လျှိုပိတ်ဆည် တည်ဆောက်ရန် သင့်လျော်မှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ အလယ်ဖရုံကာကျွန်း ဆင်အိုင်ကျေးရွာအနီးရှိ ဆင်အိုင်လျှိုပေါ်တွင် တစ်ဖက်ပိတ်ဆည်တည်ဆောက်ရန်မှာ တင်ပြပါ အခြေအနေအရပ်ရပ်အရ ဖြစ်မြောက်နိုင်စွမ်းမရှိပါ၍ တည်ဆောက်ပေးရန် သင့်လျော်မှုမရှိပါကြောင်း၊ ဒေသတွင်းပြည်သူများအနေဖြင့် သောက်သုံးရေဖူလုံစေရန်နှင့် လိုအပ်သော စိုက်ပျိုးရေရရှိရန် မိုးများသောဒေသဖြစ်သည်နှင့်အညီ မိုးရာသီအတွင်း ရှာသွန်းသော မိုးရေများကို သိုလှောင်သုံးစွဲနိုင်ရန် အုတ်ရေလှောင်ကန်များ တစ်ပိုင်တစ်နိုင် တည်ဆောက်ခြင်း စနစ်ဖြင့်သာ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပါက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လိုအပ်သလို ပူးပေါင်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ် ရေးမြို့နယ် မော့ကနင်ကျေးရွာရှိ တိမ်နေသောရေကန်ကို ပြန်လည်တူးဖော်ပေးနိုင်ရန်အတွက် လာမည့် ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အဆိုပါ ရေကန်ကြီး ပြန်လည်တူးဖော်ပေးနိုင်ရန် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလ) အတွင်း ရန်ပုံငွေလျာထားသည့် လုပ်ငန်းစာရင်းတွင် မူလက ပါဝင်ခြင်းမရှိသော်လည်း လိုအပ်သော စူးစမ်းလေ့လာမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘူမိဗေဒမြေအနေအထားများအရ ဖြစ်မြောက်နိုင်စွမ်းရှိသည့် ဆန်းစစ်မှုနှင့်အညီ လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေထည့်သွင်းတွက်ချက်၍ ရေကန်ကြီး ပြန်လည်တူးဖော်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## မသမာသောနည်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) တွေ့ရှိပါက အရေးယူလျက်ရှိ

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးထားမှုများအား ပြန်လည်စိစစ်စစ်ဆေးရန် အစီအစဉ်ရှိ၊ မရှိနှင့် တရားမဝင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရယူပြီး စိုက်ပျိုးစရိတ်ချေးငွေ အလွဲသုံးစားပြု ထုတ်ယူနေမှုများအား ထိရောက်စွာ အရေးယူအပြစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများအတွက် လက်ရှိအသုံးပြုခွင့်ရရှိထားသည့် လယ်ယာမြေများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေ၊ အခန်း(၂)၊ အပိုဒ်(၃)မှ အပိုဒ်(၁၄)အထိ ပြဋ္ဌာန်းချက်ပါအတိုင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ စနစ်တကျ စိစစ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ပေးပြီးသမျှ ပုံစံ(၇)များအားလုံးကို တစ်ခုချင်းအလိုက်၊ ဦးပိုင်အလိုက် ပြန်လည်စိစစ်ရမည်ဆိုပါက အချိန်ကာလ၊ ဝန်ထမ်းအင်အား၊ ကျခံသုံးစွဲရမည့် ငွေကြေးပမာဏ လိုအပ်ချက်များစွာ ရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်ကြားခံရခြင်း၊ မမှန်မကန်ဆောင်ရွက်ထားကြောင်း ပေါ်ပေါက်ခြင်း၊ သံသယဖြစ်ဖွယ်ရှိခြင်းနှင့် လုပ်ငန်းလိုအပ်ချက်



ဒုတိယဝန်ကြီး
ဦးလှကျော်



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်

ပေါ်ပေါက်ခြင်း စသည့်ကိစ္စရပ်များအပေါ် အခြေတည်၍ ပြန်လည်စိစစ်ဆောင်ရွက်နိုင်အောင် စီမံလုပ်ကိုင်လျက်ရှိပါကြောင်း။

တောင်သူများမှ စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်၍ အလွဲသုံးစားပြု ထုတ်ယူခြင်းများအား ကာကွယ်စစ်ဆေးနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိစစ်ပေးပါရန် အကြောင်းကြားလာပါက အရေးယူ ဆောင်ရွက်မှုများ ရှိပါကြောင်း၊ မသမာသော နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ထားရှိမှုများ ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ ထိရောက်သော အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လုပ်ငန်းလိုအပ်ချက်ရှိခြင်း၊ မသမာသော နည်းလမ်းအမျိုးမျိုးဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးထားမှု ပေါ်ပေါက်ခြင်းများ တွေ့ရှိပါက ပြန်လည်စိစစ်၍ အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

## ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုက အမည်စာရင်း တင်သွင်းနိုင်

ယနေ့ကျင်းပသော ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းအား လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပိုမိုပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကော်မတီသည် ယင်းဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## G.A.P နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး အဆင့်လိုက်ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်က G.A.P ၏ ရည်ရွယ်ချက်နှင့် အဓိကလုပ်ဆောင်ရမည့် ကဏ္ဍလည်းဖြစ်သည့် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သီးနှံများ အရည်အသွေးကောင်းမွန်စေရေး၊ လုပ်သားများ ကျန်းမာဘေးကင်းရေး၊ သာယာဝပြောရေး စသည့် ကဏ္ဍများ အောင်မြင်စေရန်အတွက် G.A.P နည်းဖြင့် စိုက်ပျိုးထုတ်လုပ်ရာတွင် စတင်စိုက်ပျိုးရန် မြေ၊ ရေ၊ မျိုးစေ့၊ ပျိုးပင် စသည်တို့ ရွေးချယ်စီမံစတင်ခြင်းမှအစ တရားဝင်မှတ်ပုံတင်ထားသည့် မြေဩဇာနှင့် မြေဆီလွှာဖြည့်စွက်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ဓာတုဆေးများနှင့် အခြားဓာတုပစ္စည်းများအား နည်းပညာနှင့် ညွှန်ကြားချက်အတိုင်း လိုက်နာသုံးစွဲခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း၊ အဆောက်အအုံများတွင် စနစ်တကျထားရှိခြင်း စသည့် အဆင့်ဆင့်ဆောင်ရွက်ခြင်းများအပြင် လုပ်ဆောင်မှုတိုင်းအား အထောက်အထားမှတ်တမ်းများ ထားရှိ၍ ပြန်လည်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ သင်တန်းများပို့ချဆွေးနွေးခြင်းနှင့် လုပ်သားများ သာယာဝပြောရေးအားလုံးကို စနစ်ကျစွာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

သို့မှသာ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်ဝကောင်းမွန်ပြီး အာဟာရကြွယ်ဝသည့် သီးနှံများ စားသုံးနိုင်မည်ဖြစ်ပြီး ထုတ်လုပ်ရောင်းချသူများအနေဖြင့်လည်း အာမခံချက်ရှိရှိ ပြည်တွင်းရော ပြည်ပဈေးကွက်များပါ တင်ပို့ရောင်းချနိုင်၍ တောင်သူများ ဝင်ငွေတိုးတက်လာမည် ဖြစ်ပါကြောင်း၊ G.A.P အသိအမှတ်ပြု စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန် မြို့တိုင်းတွင် တစ်နိုင်တစ်ပိုင် အရောင်းဆိုင်များ စတင်ထားရှိရန် လိုအပ်ပါကြောင်း၊ မြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးပညာပေးစခန်းများတွင် G.A.P အသိပညာပေးလုပ်ငန်းများကို စာတွေ့၊ လက်တွေ့ ယခုထက် ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲအောင်စောက G.A.P Guideline သည် စိုက်ပျိုးထုတ်လုပ်ရာတွင် မဖြစ်မနေလုပ်ရမည့် ပြဋ္ဌာန်းချက်မျိုးမဟုတ်ပါကြောင်း၊ မိမိဆန္ဒအရ စိုက်ပျိုးထုတ်လုပ်သူများမှ ဆောင်ရွက်လိုက ဆောင်ရွက်နိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်မှစတင်၍ သီးနှံစိုက်ပျိုးထုတ်လုပ်သူများအား G.A.P လက်မှတ် စစ်ဆေးထုတ်ပေးနေသည်ကို တွေ့ရှိရသည့်အတွက် ၎င်းစနစ် အရှိန်အဟုန်မြှင့် အကောင်အထည်ပေါ်လာစေရေး၊ လယ်ယာမြေများအား စနစ်တကျပြုပြင်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာများအား စနစ်တကျပို့ချပေးခြင်း၊ မြေအမျိုးအစားနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များအား စီမံချက်ဖြင့် ချထားပေးခြင်း၊ မြေလွတ်မြေရိုင်းများ ဖော်ထုတ်ကာ ဒေသခံပြည်သူများအား တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးခြင်း၊ နိုင်ငံတကာဈေးကွက်ရရှိအောင် ချိတ်ဆက်ဖော်ဆောင်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များကို အစဉ်တစိုက် ထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ G.A.P နည်းစနစ်အရ စိုက်ပျိုးထုတ်လုပ်တတ်ပြီး ထွက်ရှိလာသည့် ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းဈေးကွက်ရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာန အစိုးရအဖွဲ့များမှ စနစ်တကျ စီမံဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာ အားကာမိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေးနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဆွေးနွေးရာတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အရည်အသွေးပြည့်ဝကောင်းမွန်သောသီးနှံများ စိုက်ပျိုးထုတ်လုပ်၍ ဈေးကွက်တင်ပို့ရောင်းချနိုင်ရေးအတွက် GAP Protocal နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ G.A.P စနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်ရာတွင် လက်ရှိအခြေအနေထက် ကျယ်ပြန့်နေသည့်အတွက် လုပ်ငန်းအစီအမံများကို အဆင့်လိုက် မြှင့်တင်ဆောင်ရွက်သွားမှသာ ထိရောက်အောင်မြင်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးဌာနတွင် တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုဆိုင်ရာအပိုင်းများကို လေ့ကျင့်ဖြည့်ဆည်းပေးရမည့်အခြေအနေများ ရှိနေသေးပါကြောင်း။

အဆိုပါစနစ်ကို လက်ခံကျင့်သုံးကြမည့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များအနေဖြင့်လည်း နည်းစနစ်များကို သဘောတူနားလည်လက်ခံ၍ လိုက်နာကျင့်သုံးရန်လည်း အရေးကြီးပါကြောင်း၊ ထို့ပြင် ဌာနအနေဖြင့် စမ်းသပ်စစ်ဆေးမှုဆိုင်ရာ အထောက်အကူပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်းနိုင်ရန်အတွက် မိမိတို့တွင်ရှိသည့် ဘဏ္ဍာငွေကြေးပိုင်း အကန့်အသတ်များလည်း ရှိနေသေးသည့်အတွက် လက်ရှိဆောင်ရွက်နေမှုအပေါ်တွင် ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်းထက် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ အခြေခိုင်မာစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် အခြေအနေရှိနေဆဲဖြစ်ပါကြောင်း။

G.A.P စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများသည် လက်ရှိ ဒေသတွင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံ နှိုင်းယှဉ်ပါက ကွာဟချက်ရှိနေဆဲဖြစ်ပါကြောင်း၊ သို့သော် ဝန်ကြီးဌာနအနေဖြင့် ရှိရင်းစွဲအရင်းအမြစ်များကို အသုံးချ၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်အထိ G.A.P စနစ်ကို စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများ သိရှိနားလည် လက်ခံကျင့်သုံးနိုင်စေရန် ပညာပေးလုပ်ငန်းများကို အဆင့်လိုက် အခြေခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နေသည့် အချိန်အခါနှင့် ကိုက်ညီမှုရှိနေသည့် အနေအထားတွင် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုသည် မိမိတို့လုပ်ငန်းအပေါ် အားဖြည့်ပေးသည့် အဆိုတစ်ရပ်ဖြစ်နေသည့်အတွက် အဆိုအပေါ် မိမိတို့ဝန်ကြီးဌာနမှ ထောက်ခံပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၁၈၆ မဲ၊ ကန့်ကွက်မဲ တစ်မဲနှင့် ကြားနေမဲ နှစ်မဲဖြစ်၍ ထောက်ခံမဲများသဖြင့် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ဇွန် ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် စပိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃၀**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Emilio De Miguel Calabia အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း စပိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃၀**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Emilio De Miguel Calabia အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် စပိန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံလွှတ်တော်များဖွဲ့စည်းမှု၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ဂျော်ဒန်နိုင်ငံမင်းသားအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃၀**
ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ အထူးကိုယ်စားလှယ် ဂျော်ဒန်နိုင်ငံမင်းသား Prince Mired Ra'ad A1-Hussein နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကိုရီးယားသမ္မတနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင်တို့အကြား နားလည်မှုစာလွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၃၀**
ကိုရီးယားသမ္မတနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင် (Anti-Corruption and Civil Rights Commission - ACRC ) ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်သုံးသပ်ရေး (Corruption Risk Assessment) အတွေ့အကြုံများကိုလေ့လာရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ကော်မရှင်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံသို့ မေ ၂၈ ရက်တွင် အလုပ်သဘော လေ့လာရေးခရီးသွားရောက်ခဲ့ကြသည်။




ခရီးစဉ်အတွင်း မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ကိုရီးယားသမ္မတနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Pak Un Jong တို့အကြား နှစ်ဖက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာလွှာ (MoU) ကို ကိုရီးယားသမ္မတနိုင်ငံ ဆေးဂျုံမြို့တွင် ယနေ့ ဒေသစံတော်ချိန် ၁၀ နာရီခွဲတွင် လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါ MoU အရ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းနှင့် တားဆီးကာကွယ်ခြင်းတို့တွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန်၊ အသိပညာပေးအစီအစဉ်များနှင့် ကျွမ်းကျင်မှုနည်းပညာမြှင့်တင်ရေးလုပ်ငန်းများ ဖလှယ်ကြရန်တို့ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မစ္စတာ နန္ဒိမစ်သရဧကနရကအား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက မစ္စတာ နန္ဒိမစ်သရဧကနရကအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုချက်ကို သဘောတူညီပြီးဖြစ်သည်။

မစ္စတာ နန္ဒိမစ်သရဧကနရကကို ၁၉၄၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၆၆ ခုနှစ်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအရာရှိအဖြစ် စတင်အမှုထမ်းခဲ့ကာ ၁၉၈၃ ခုနှစ်တွင် နိုင်ငံရေးလောကသို့ဝင်ရောက်၍ အတိုက်အခံခေါင်းဆောင်အဖြစ် သီရိလင်္ကာနိုင်ငံအလယ်ပိုင်းရှိ မာသာလေမြို့ (Matale) မြူနီစီပယ်ကောင်စီတွင် မြို့တော်ဝန်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၎င်းသည် ၁၉၈၉ ခုနှစ်တွင် လွှတ်တော်အမတ်အဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် ပို့ဆောင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးရေးရာဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၌ အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် အလယ်ပိုင်းပြည်နယ် (Central Province)၏ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် ပြည်နယ်ကောင်စီနှင့် ဒေသအစိုးရအဖွဲ့ဝန်ကြီးဌာန၌ ဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် အဆင့်မြင့်ပညာဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

❖ **စစ်တွေမြို့မှ**

ပြန်လည်နေရာချထားရေးကို ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များအား ရှင်းရှင်းလင်းလင်း ဥပဒေနှင့်အညီဖြစ်အောင် လုပ်ဆောင်ပေးရန် လိုအပ်ပြီး မီဒီယာများကိုလည်း ရှင်းလင်းပြသပေးရန် လိုမည်ဖြစ်ကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသွားကြသော ရခိုင်တိုင်းရင်းသားများ၊ တိုင်းရင်းသားမျိုးနွယ်စုငယ်များ၊ ဟိန္ဒူဘာသာဝင်များနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ နေရပ်စွန့်ခွာသွားသူများလည်းရှိရာ ပြန်လည်နေရာချထားရန် စီစဉ်ခဲ့ပြီးဖြစ်ကြောင်း။

ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာသွားသူများကိုလည်း ပြန်လည်နေရာချထားရာတွင် နှစ်နိုင်ငံသဘောတူညီချက်ပါ အချက်များအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုလက်ရှိဝင်ရောက်လာသူ ၆၂ ဦးကို ပြန်လည်နေရာချထားရေး အစီအစဉ်များ စီမံဆောင်ရွက်ပေးလျက်ရှိရာ လုံခြုံရေးသည်အရေးကြီးသဖြင့် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းတို့အား မိမိတို့နေရပ်တွင် ပုံမှန်အတိုင်း ပြန်လည်လုပ်ကိုင်စားသောက် နေထိုင်နိုင်စေရန် တစ်ဦးချင်းကို ဆွေးနွေးညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးပြီး ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များအား နားလည်သည်အထိ ရှင်းပြဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ တစ်ဖက်နိုင်ငံတွင် မိသားစုကျန်ရစ်ခဲ့သူများကို သံတမန်နည်းလမ်းဖြင့် တာဝန်ရှိသူများက ဆက်သွယ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေအိမ်ရှိသူများကို စနစ်တကျ မှတ်တမ်းတင် စိစစ်ပြီးပါက ၎င်းတို့ မိသားစုဝင်များထံ အပ်နှံပေးမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုအခါ လုံခြုံရေးနှင့် ပတ်သက်၍ နယ်စပ်ခြံစည်းရိုးများလုံခြုံရေးကိုလည်း ပိုမိုအလေးထားဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအနေဖြင့် ဝင်ရောက်လာသူများကို ၎င်းတို့၏ ဆန္ဒအရ NV ကတ်များ လုပ်ဆောင်ပေးပြီး ဥပဒေအရ နိုင်ငံသားဖြစ်မှု လျှောက်ထားစေပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သော ပစ္စည်းများထောက်ပံ့ခြင်း၊ စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ မိသားစုနှင့်ပြန်လည် ပေါင်းစည်းမိစေရန် ဆက်သွယ်ပေးခြင်း၊ နောက်ဆက်တွဲ စောင့်ရှောက်မှု ပေးခြင်း၊ ဖြစ်ရပ်စီမံခန့်ခွဲပေးခြင်း၊ ကိုယ်ဝန်ဆောင်ထောက်ပံ့ကြေးပေးခြင်း၊ သက်ကြီးဘိုးဘွားများရှိပါက လူမှုရေးပင်စင်ရရှိအောင် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

နေအိမ်မီးလောင်သူများအား ပြန်လည်နေရာချထားရာတွင် ၎င်းတို့ လုပ်အားဖြင့် အစိုးရကငွေကြေးပံ့ပိုးကာ (Cash for Work) အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ သဘောတူစာချုပ်တွင် ပါရှိသည့် အတိုင်း ၎င်းတို့နေထိုင်ခဲ့သည့် နေရာနှင့် အနီးစပ်ဆုံးနေရာများတွင် ပြန်လည် နေရာချထားပေးမည်ဖြစ်ကြောင်း၊ ၎င်းတို့အား ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေရန်နှင့် စည်းကမ်းတကျနေထိုင်နိုင်ရေးနှင့် လုပ်ငန်းများအဆင်ပြေချောမွေ့ စေရန်အတွက် ယခု တက်ရောက်လာသူများက အမှန်တကယ်လက်တွေ့အကောင် အထည်ဖော်ကြရမည့် လုပ်ငန်းကော်မတီဝင်များဖြစ်၍ ရေရှည်ကိုမြော်တွေးကာ စိတ်ရှည်သည်းခံမှုဖြင့် လည်းကောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် လည်းကောင်း တရားဥပဒေနှင့်အညီသာ ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြန်လည်နေရာချထားရေး ဆောင်ရွက်ပေးရာတွင် အနာဂတ်နှင့်ရေရှည်အတွက် အကောင်းဆုံးဖြစ် အောင်လုပ်ဆောင်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ကြုံတွေ့လာမည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးရန်နှင့် လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်နှင့် ကော်မတီအတွင်း ဆွေးနွေးအကြံပြုချက် များကို ပူးပေါင်းလုပ်ဆောင်ပေးရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက် လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ညွှန်ကြား ရေးမှူး ဒေါက်တာ အောင်သူရိန်သည် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဦးစီးဌာနမှူး၊ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးတို့နှင့်အတူ စစ်တွေ မြို့နယ် သာယာကုန်းကျေးရွာနှင့် သင်္ဘနက်ကျေးရွာများသို့ သွားရောက်၍ ရခိုင်တိုင်းရင်းသားများ၊ ကမန်တိုင်းရင်းသားများနှင့်တွေ့ဆုံကာ လူမှုရေးဆိုင်ရာ အခက်အခဲများကို တွေ့ဆုံဆွေးနွေးခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများက ကျောင်းအပ်နှံရေး အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး၊ ဆရာ ဆရာမများ လုံလောက်စွာခန့်ထားနိုင်ရေး၊ စာသင်ဆောင်များ၊ ကျောင်းသုံး ပရိဘောဂများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြရာ ဝန်ကြီးဌာနက ဖော်ဆောင်လျက်ရှိသော ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်းနှင့် ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မောင်တောခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မောင်တောမြို့ပေါ်ရှိ ဟိန္ဒူကယ်ဆယ်ရေးစခန်းပြုပြင်နိုင်ရန် ဝါးအလုံး ၁၂၀၀ အတွက် တန်ဖိုးငွေ ကျပ် ၄၈၀၀၀၀ အား သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးအောင်လင်း ပနားမားနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၃၁**

ပနားမားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရ သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်လင်း သည် ၎င်း၏ခန့်အပ်လွှာကို မေ ၂၂ ရက်တွင် ပနားမားမြို့၌ ပနားမား သမ္မတနိုင်ငံသမ္မတ မစ္စတာ ဟွမ် ကာလို့စ် ဗာရီလာရိုဒရီဂွေ့ဇ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## ခြင်းအသင်း ၁၈၀၀ ပါဝင်သည့် အကြိမ် (၉၀)မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော် စတင်



**မန္တလေး မေ ၃၀**

မန္တလေး မဟာမုနိဘုရားကြီးတွင် အကြိမ် (၉၀)မြောက် ခြင်းအသင်း ၁၈၀၀ ပါဝင်သည့် ဝါဆိုခြင်းအလှုခတ်ပွဲတော်ကို မေ ၃၀ ရက်(နယုန်လပြည့်ကျော် ၁ ရက်နေ့)တွင် စတင်ကျင်းပကြောင်း သိရသည်။

ယခုနှစ် ဝါဆိုခြင်းအလှုခတ်ပွဲတော်ကို နှစ်စဉ် ကျင်းပလေ့ရှိသည့်အတိုင်း နယုန်လပြည့်ကျော် ၁ ရက်မှ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၂ နာရီအထိ အလှုခတ်ကစားကြမည်ဖြစ်သည်။ ယခုနှစ် ဝါဆိုခြင်းအလှုခတ်ပွဲတော်တွင် မြန်မာတစ်နိုင်ငံလုံးမှ ခြင်းအသင်း ပေါင်း ၁၈၀၀ ပါဝင်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

ခြင်းအလှုခတ်ကစားပွဲကို တစ်နေ့လျှင် ခြင်းအသင်း ၃၀ တို့က တစ်သင်းလျှင်မိနစ် ၃၀ အလှုခတ်ကစားကြမည် ဖြစ်သည်။ မဟာမုနိဘုရားကြီး ခြင်းအလှုခတ်ပွဲသို့ ပါဝင်ကစားလိုသည့် မြန်မာနိုင်ငံအတွင်း ခြင်းအသင်းများက ကြိုတင်စာရင်းပေးသွင်းကြရာ ခြင်းအလှုခတ်ပွဲတော် ကျင်းပရေးကော်မတီမှ စိစစ်လက်ခံရပြီး နှစ်စဉ် လာရောက်ကစားသည့် အသင်းများကို ဦးစားပေး၍ ကျန်အသင်းများထဲမှ အဆင်ပြေမည့်အသင်းများကို ပါဝင်ကစားနိုင်ရန် ဖိတ်ခေါ်အကြောင်းကြား ကစားခွင့်ပြုခြင်း ဖြစ်သည်။

"ဒီနှစ်ဝါဆိုခြင်းပွဲတော်မှာ မြန်မာ့ခြင်းလုံးသမိုင်းကို ဖော်ညွှန်းနိုင်တဲ့ ခြင်းလုံးသမိုင်းပြခန်းတစ်ခု မဟာမုနိဝါဆိုခြင်းအားကစားရုံရှေ့မှာ ဖွင့်လှစ်ပြသပါမယ်၊ အကြိမ်(၉၀)မြောက် အထိမ်းအမှတ်စာတန်းပါတဲ့ တီရှပ်၊ ဦးထုပ်၊ ဖိနပ်၊သော့ချိတ်တို့ကိုလည်း အမှတ်တရပစ္စည်းအဖြစ် ပြသရောင်းချပါမယ်"ဟု ခြင်းအလှုခတ်ပွဲတော် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးတင်ထွန်းမိုးက ပြောသည်။

ခြင်းပွဲတော်တွင် အနယ်နယ်အရပ်ရပ်မှ ခြင်းဝါသနာရှင် အမျိုးသား၊ အမျိုးသမီးခြင်းအဖွဲ့များ ပါဝင်ကစားသည့်အပြင် အမေရိကန်၊ ထိုင်း၊ ဂျပန်၊ ကနေဒါ စသော နိုင်ငံများမှ နိုင်ငံခြားသား ခြင်းကစားသမားများပါ လာရောက်ကစားကြကြောင်း သိရသည်။

မန္တလေး မဟာမုနိဘုရားကြီး အကြိမ် (၉၀)မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော်မှာ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် ည ၁၂ နာရီတွင် ပြီးစီးမည်ဖြစ်ရာ ဝါဆိုလပြည့်နေ့တွင် (၂၈)ကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးခြင်းဝါသနာရှင် ၅၃ ဦးကို အနယ်နယ်အရပ်ရပ်မှ ခြင်းဝါသနာရှင်များက စုပေါင်းပူဇော်ကန်တော့ကြမည်ဖြစ်ပြီး မဟာမုနိဘုရားကြီးအား ရွှေသက်န်းကပ်လှူခြင်း၊ ဝါဆိုပန်းကပ်လှူခြင်းများ ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဝ၀၂**

## မူဆယ်မြို့ မြန်မာ-တရုတ် ဝင်၊ထွက်ဂိတ်များ၌ တရုတ်နိုင်ငံဘက်မှ စိစစ်မှုများကြောင့် ကုန်သည်နှင့် ခရီးသွားများအခက်ကြုံ



**မူဆယ် မေ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ ဝင်၊ထွက်ဂိတ်များတွင် တရုတ်ဘက်ခြမ်းက တင်းကျပ်သောစိစစ်စစ်ဆေးမှုများ ပြုလုပ်လာသဖြင့် တရုတ်ပြည် ကြယ်ဂေါင်နှင့် ရွှေလီသို့ နေ့စဉ်သွားလာ အလုပ်လုပ်နေကြသည့် မြန်မာအလုပ်သမားများ၊ ကုန်သည်များ၊ အဝယ်တော်များနှင့် ခရီးသွားဧည့်သည်များအားလုံး အခက်အခဲနှင့် ရင်ဆိုင်နေကြရသည်။

တရုတ်ပြည် နယ်စပ်ကာကွယ်စုံစမ်းစစ်ဆေးရေးဌာန (လူဝင်မှုကြီးကြပ်ရေးဌာနခွဲ)သည် မူဆယ်မြို့ရှိ ဆင်ဖြူ၊ နန်းတော်၊ မန်ဝိန်းစသည့် နှစ်နိုင်ငံ ဝင်၊ထွက်ဂိတ် သုံးခုမှ ဖြတ်သန်းလာသည့် မြန်မာနိုင်ငံသားများအား တရုတ်စစ်ဆေးရေးဂိတ်တွင် မြန်မာနိုင်ငံသား တစ်ဦးချင်းစီ၏ လက်ချောင်းအားလုံးကို လက်ဗွေရယူခြင်း၊ မျက်နှာအား Scan ဖတ်၍ မှတ်တမ်းတင်ခြင်း၊အမည်၊ မှတ်ပုံတင်အမှတ်စသည့် ကိုယ်ရေးအကျဉ်း ရယူခြင်းတို့ကို စိစစ်မှတ်တမ်းယူပြီးမှသာ တရုတ်ပြည်အတွင်း ဝင်ရောက်ခွင့်ပြုကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေထိုင်သူများက နှစ်နိုင်ငံနယ်စပ် ဖြတ်သန်းခွင့် စာအုပ် BP(Border Pass) ဖြင့်လည်းကောင်း၊ တခြားဒေသမှ လာရောက်သူများက ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ် TBP(Temporary Border Pass) ဖြင့် လည်းကောင်း မြန်မာဂိတ် သုံးခုမှ နေ့စဉ် ပျမ်းမျှလူဦးရေ ၁၀၀၀၀ နှုန်း ဝင်၊ထွက်နေကြောင်း သိရသည်။

"မနက် ၆ နာရီက စပြီး တန်းစီတာ ကိုယ့်အလှည့်က ၁၀ နာရီလောက်မှ ရောက်တာဆိုတော့ အချိန်တွေကုန်၊ အလုပ်တွေပျက်တာပေါ့၊ နောက်ပြီး မိုးရွာထဲမှာ အမိုးအကာမရှိ စောင့်နေရတော့ ကလေးအမေတွေ၊ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်တွေဆိုရင် ဒုက္ခရောက်တာပေါ့"ဟု မူဆယ်မြို့မှ ဒေသခံတစ်ဦးက ပြောသည်။

**ဆရာမောင်(မူဆယ်)**

❖ **ရွှေဖုံးမှ**

ထို့အတူ ရန်ကုန်ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်များဖြစ်သည့် ချယ်ရီ(၁)၊ ချယ်ရီ(၂)နှင့် ချယ်ရီ(၃)သင်္ဘောသုံးစင်းကို အလှည့်ကျစနစ်ဖြင့် အသွား၊ အပြန်ခရီးစဉ်တွင် ခရီးသည်ပြည်သူ ၃၀၀၀၀ နီးပါးခန့်ကို ပို့ဆောင်ပေးလျက်ရှိကြောင်း၊ မေ ၂၉ ရက်က ရန်ကုန်မြစ်အတွင်း လှိုင်းကြီးခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းကြောင့် ခရီးသည်များလုံခြုံမှုရှိစေရေးအတွက် အချိန်အနည်းငယ်ခန့် သင်္ဘောများ ရပ်နားခဲ့ရပြီး လေငြိမ်သက်စဉ်တွင် ပုံမှန်အတိုင်း ပို့ဆောင်ပေးလျက်ရှိကြောင်း၊ နေ့စဉ် ၄၆ ခေါက်နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ရာသီဥတုမကောင်းမွန်ခြင်းနှင့် မြင်ကွင်းများမရှင်းပါက ခရီးသည်တင်ဆောင်ပြီး သင်္ဘောများထွက်ခွာခြင်း မပြုလုပ်ရန် သတိပေးထားကြောင်း ဒလသင်္ဘောဆိပ်ကမ်း မန်နေဂျာ ဒေါ်ခင်ခင်နုက ပြောသည်။

ဒလမြို့နယ်အတွင်း၌ သမဝါယမအသင်းပိုင် ကူးတို့ဆိပ်ငါးဆိပ်၌ စက်တပ်သမ္ဗန်ပေါင်း ၁၆၇ စင်းနှင့် ပုဂ္ဂလိကပိုင် ကူးတို့ဆိပ်ခြောက်ဆိပ်၌ စက်တပ်သမ္ဗန်ပေါင်း ၃၃၁ စင်း စုစုပေါင်း ၄၉၈ စင်းရှိပြီး ကူးတို့ဆိပ်ပေါင်း ၁၁ ဆိပ်တို့ရှိကြောင်း၊ ရန်ကုန်-ဒလ စက်သမ္ဗန်ခများအနေဖြင့် ယခင်က ငွေကျပ် ၁၀၀ သတ်မှတ်ထားသော်လည်း ဓာတ်ဆီဈေးနှုန်းမြင့်တက်ခြင်းနှင့် ခရီးပို့ဆောင်ရာတွင် လမ်းကြောရှည်ခြင်းတို့ကြောင့် မေ ၁၄ ရက်က စတင်ပြီး သမဝါယမပိုင် သမ္ဗတကမ်းခြေကူးတို့ဆိပ်ကမ်းနှင့် ကြီးကြပ်ရေးအဖွဲ့ ကမာအောင်ကူးတို့ဆိပ်ကမ်းတို့အား ငွေကျပ် ၅၀ တိုး၍ ကောက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ ဇွန် ၁ ရက်တွင် ကြီးကြပ်ရေးအဖွဲ့ တံလျှပ်ကူးတို့ဆိပ်အား ငွေကျပ် ၅၀ တိုး၍ ကောက်ခံသွားမည်ဖြစ်ကြောင်း ကမာအောင် စက်တပ်သမ္ဗန်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်နီထံက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

❒ **ရန်ကုန်မြို့မှ**

အခုဆိုရင် ကျောင်းကားစီးချင်တဲ့ အရေအတွက်အရ အစီး ၁၃၀ လောက်ရှိမယ်ထင်ပါတယ်။ ကျောင်းကားခအနေနဲ့ကတော့ ဈေးများတယ်လို့လည်း ပြောနေပေမယ့် အပြင်က ကျောင်းကားခတွေနဲ့ အတူတူလောက်ပါပဲ။ မြို့နယ်အလိုက် အနည်းဆုံး ငွေကျပ် ၃၅၀၀၀ လောက်ကနေ အများဆုံး အဝေးဆုံးမြို့နယ်ကမှ ကျပ် ၇၀၀၀၀ ပါ။ ဒီနှစ်က အပြင်ကျောင်းကားခတွေလည်း ဈေးတက်တယ်လို့ ကြားပါတယ်။ ဆီဈေးတက်တယ်ဆိုပြီးတော့ပေါ့။ ဒီကားတွေက ဘယ်မောင်း ကားသစ်တွေဖြစ်ပြီးတော့ လုံခြုံမှုစနစ်တွေလည်း အပြည့်အစုံပါပါတယ်။ လက်ရှိသုံးစွဲနေတဲ့ ညာမောင်းကားတွေကိုလည်း ဒီစာသင်နှစ်မှာတော့ ခွင့်ပြုပေးဦးမှာပါ”ဟု အဆိုပါ အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကိုရီးယားနိုင်ငံ Korea Trade-Investment Promotion Agency (KOTRA), Posco Daewoo Corporationတို့မှ ကျောင်းကားအစီး ၂၀၀ ဝယ်ယူရေး သဘောတူစာချုပ်ကို ၂၀၁၇ ခုနှစ် မေ ၁၀ ရက်က ချုပ်ဆိုခဲ့ပြီး Hyundai Country Bus ၂၈ ယောက်စီး အမျိုးအစားဖြစ်ကာ Brand New 2017 မော်ဒယ်ဖြစ်ကြောင်း သိရသည်။

“လောလောဆယ်တော့ စီးနေကျကျောင်းကားနဲ့ပဲ စီစဉ်ဖြစ်တယ်။ အိမ်ရှေ့အထိ ရပ်ပေးတာရယ်၊ စီးနေကျဆိုတော့ စိတ်ချရတယ်။ ကျောင်းကားသစ်တွေကတော့ အိမ်ရှေ့အထိ လာမကြိုဘဲ လမ်းကြောင်းအလိုက် စီးရမယ်လို့လည်း ကြားတယ်”ဟု ကမာရွတ် TTC မှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဩဂုတ်လက ကျောင်းကြို၊ ပို့ယာဉ်များအဖြစ် ပြေးဆွဲနိုင်သည့် ယာဉ်အမျိုးအစားနှင့် သတ်မှတ်စည်းကမ်းချက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့ပြီး အဆိုပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ ကျောင်းကြို၊ ပို့ယာဉ်အဖြစ် ပြေးဆွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ သတ်မှတ်ချက်များရှိသော်လည်း ယခုနှစ်တွင် ညာမောင်းယာဉ်များကို ကျောင်းကြို၊ ပို့ယာဉ်အဖြစ် ဆက်လက်အသုံးပြုခွင့်ပြုမည်ဖြစ်သော်လည်း လိုက်ထရပ်ယာဉ်များကို လုံးဝခွင့်မပြုတော့ကြောင်း သိရသည်။ **ဝဝဝ**

# ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးသွားသော ဓာတ်တိုင်များနှင့်ဓာတ်ကြိုးများ နေ့ချင်းပြီး ပြုပြင်ဆောင်ရွက်

**ရန်ကုန် မေ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ မြို့နယ်များ၌ မေ ၂၉ ရက် နံနက် ၃ နာရီ မိနစ် ၂၀ တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲပြိုခြင်း၊ နေအိမ်များလဲပြိုခြင်း၊ နေအိမ်အမိုးများပျက်စီးခြင်း၊ လျှပ်စစ်မီးတိုင်များ ပြိုလဲကာ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။



လေပြင်း တိုက်ခတ်မှုကြောင့် ရွှေပြည်သာမြို့နယ်တွင် လျှပ်စစ်မီးတိုင် ၂၃ တိုင်၊ လှိုင်သာယာမြို့နယ်တွင် နှစ်တိုင်၊ အင်းစိန်မြို့နယ်တွင် နှစ်တိုင်၊ မင်္ဂလာဒုံမြို့နယ်တွင် နှစ်တိုင်၊ မြောင်းတကာမြို့တွင် နှစ်တိုင်နှင့် လှည်းကူးမြို့နယ်တွင် 33 ကေဗွီ တာဝါတိုင် တစ်ခု ပြိုလဲပျက်စီးခဲ့သည်။

ပျက်စီးမှုအများဆုံး ဖြစ်ပေါ်ခဲ့သည့် ရွှေပြည်သာမြို့နယ်သို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လူမှုရေးဝန်ကြီးဦးနိုင်ငံလင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများသည် မေ ၂၉ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌသည် ရန်ကုန်မြောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ(စီမံ) ဦးလှသန်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်မောင်သန့်ဇင်နှင့် တာဝန်ရှိသူများနှင့်အတူ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု အများဆုံးဖြစ်ပေါ်ခဲ့သည့် ရွှေပြည်သာမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ အသေးစိတ် လိုက်လံစစ်ဆေးကာ ပြိုလဲပျက်စီးသွားသောဓာတ်တိုင်များ၊ မီးကြိုးများကို ရုံးချုပ်နှင့် ခရိုင်လျှပ်စစ်ဝန်ထမ်းအင်အား ၈၀ ဖြင့် ဓာတ်တိုင်များ အစားထိုးလဲလှယ်ခြင်း၊ မီးကြိုးများ ပြန်လည်ပြုပြင်တပ်ဆင်ခြင်း လုပ်ငန်းများကို ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ပြီးစီးအောင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငါန်းဇွန်မြို့အဝင် ချောင်းရေကျဆင်း၊ ခရီးသွားပြည်သူများ သွားလာရေးအခက်အခဲဖြစ်

ငါန်းဇွန် မေ ၃၀

**မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ မေ ၂၉ ရက် ညပိုင်းက မိုးရွာသွန်းမှုများပြားခဲ့၍ ငါန်းဇွန်မြို့အဝင် မီးပုံချောင်းတွင် ချောင်းရေကျဆင်းမှုများပြားခြင်းကြောင့် မြို့အဝင် ငါန်းဇွန်-တံတားဦးကားလမ်း ရေကျော်သဖြင့် ပြည်သူများ ခရီးသွားလာရေးအခက်အခဲဖြစ်ခဲ့ကြောင်း သိရသည်။**



အဆိုပါ ကားလမ်းရေကျော်သည့်နေရာတွင် ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်စေရန် မြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းဇော်မြင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ခြောက်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဆွေ ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ ပူးပေါင်း၍ မေ ၃၀ ရက် နံနက်မှစပြီး ခရီးသွားပြည်သူများ ဖြတ်ကူးရန်အပြင် ဆိုင်ကယ်၊ စက်ဘီးများ အန္တရာယ်ကင်းစွာ ဖြတ်ကူးနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

# ပင်လယ်တွင် လှေမှောက်၍ မျောပါလာသူ ရခိုင်လူမျိုး ခုနစ်ဦးအား ကယ်ဆယ်ကူညီ

**လပွတ္တာ မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သစ်ပုတ်ကျေးရွာအုပ်စု ကွင်းပေါက်ကျေးရွာ သောင်ပေါ်သို့ စက်လှေမှောက်ပြီး ပင်လယ်ရေနှင့် မျောပါလာသူ ရခိုင်လူမျိုးခုနစ်ဦးကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က မေ ၃၀ ရက် နံနက် ၈ နာရီတွင် အသက်ကယ်တင်ကူညီပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက်တွင် စက်လှေပိုင်ရှင်ပါ ရေလုပ်သားခုနစ်ဦးတို့သည် ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ ပင်လယ်ပြင်သို့ မျှောပိုက်ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ရန် ထွက်ခွာလာခဲ့သည်။ မေ ၂၆ ရက်တွင်ပင်လယ်ပြင်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ရေနံစင်အထက် ကမ်းခြေနှင့် မိုင် ၆၀ ခန့်အကွာတွင် စက်လှေတိမ်းမှောက်ခဲ့ရာ လပွတ္တာမြို့နယ် သစ်ပုတ်ကျေးရွာအုပ်စု ကွင်းပေါက်ကျေးရွာ သောင်ဘက်သို့ ပင်လယ်ရေနှင့်အတူ မျောပါလာခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က မျောပါလာသူ ရေလုပ်သားခုနစ်ဦးတို့အား ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ပို့ဆောင်ခြင်း၊ အဝတ်အထည်၊ အစားအသောက်များ ပေးအပ်ခြင်းအပြင် ကျန်းမာရေးစောင့်ရှောက်ခြင်းတို့ကိုလည်း ကူညီပေးခဲ့ကြောင်း သိရသည်။



ငါးဖမ်းစက်လှေပိုင်ရှင်မှာ ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင် နေထိုင်သည့် ဦးသန်းမြင့် အသက်(၄၃)နှစ်ဟု သိရပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက နယ်မြေခံရဲစခန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးသို့ သတင်းပေးပို့ထားကြောင်း သိရသည်။

**မောင်ချစ်ဦး(ပန်းတနော်)**

# ရေစကြိုမြို့နယ်တွင် ကုန်းတွင်းမုန်တိုင်းငယ်ကြောင့် ကားလမ်းနှင့် ကျေးရွာလမ်းများ ရေကျော်

**ရေစကြို မေ ၃၀**

မေ ၂၉ ရက်တွင် ဖြစ်ပေါ်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်ကြောင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုများမရှိသော်လည်း အဆိုပါ နံနက်ပိုင်းမှစတင်၍ ညပိုင်းအထိ မိုးအဆက်မပြတ်ရွာသွန်းကာ ကျေးရွာချင်းဆက်ကားလမ်းများ ရေကျော်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့်တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီအောင်နှင့် တပ်ဖွဲ့ဝင်များက ပြည်သူများသွားလာရေး အဆင်ပြေစေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **စန်းယုမော်(ပြန်/ဆက်)**



# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျပ်တစ်သန်းကျော်တန်ဖိုးရှိ တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၀**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မေ ၂၉ ရက်က ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lady Sandal (Assorted Size And Design) (230 Pairs) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၉၅ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၃၈ စီး၊ သွင်းကုန် ၉၅၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၅၈၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၃၅ သန်းခန့်) စုစုပေါင်းတားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၁၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ချမ်းမြသာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၀**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၉ ရက် နံနက် ၁၁ နာရီခွဲက ချမ်းမြသာစည်မြို့နယ် (၆၄)လမ်းနှင့် (၆၅)လမ်းကြား လက်ဖက်ရည်ဆိုင်ရှေ့တွင် စိုင်းခမ်းလင်းထူး(ခ)ဖိုးလမင်းနှင့် မိုးနိုင်တို့အား ရှာဖွေရာ စိုင်းခမ်းလင်းထူးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၀ နှင့် မိုးနိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။



**စိုင်းခမ်းလင်းထူး(ခ)ဖိုးလမင်းနှင့်မိုးနိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

အလားတူ မေ ၂၈ ရက် ည ၁၁ နာရီခွဲတွင် မေယု(၂) စစ်ဆင်ရေးအရ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်းပြားမြို့ ဦးစိုးတင့်ရပ်ကွက်တွင် နေဝင်းထွန်းနှင့် ကျော်မင်းချေတို့အား ရှာဖွေရာ နေဝင်းထွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဦးစိုးတင့်ရပ်ကွက်နေ ကျော်တင်၏ အိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ နှင့် ငွေကျပ် ၁၅၄၀၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီက ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ဝမ်ကျောင်းကျေးရွာအနီး၌ ကျော်သက်အောင်(ခ) စိုင်းကျော်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၃ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# ပြစ်ချက်ဟောင်းရှိသူကို ဖမ်းဆီးစစ်ဆေးရာမှ ဖုန်းခိုးမှု ၁၀ မှု ဖော်ထုတ်နိုင်



**စိုးသီဟအား သက်သေခံဖုန်းများနှင့်အတူ တွေ့ရစဉ်။**

**ရန်ကုန် မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ခိုးမှုပြစ်ချက်ဟောင်းရှိသူ လှိုင်သာယာမြို့နယ် ရေညက်ကုံကျေးရွာနေ စိုးသီဟ(ခ)အခြောက်မ (၁၉)နှစ်ကို ဖမ်းဆီးစစ်ဆေးရာမှ လှိုင်သာယာမြို့နယ်အတွင်းရှိ နေအိမ်များမှ ဖုန်းခိုးမှု ၁၀ မှု ဖော်ထုတ်နိုင်ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ စိုးသီဟ(ခ)အခြောက်မ(၁၉)နှစ်ကို စစ်ဆေးရာ ၎င်းသည် မတ်လမှ မေလအတွင်း လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက်အတွင်းရှိ နေအိမ်များမှ CoolPad လက်ကိုင်ဖုန်း တစ်လုံး၊ Lolo လက်ကိုင်ဖုန်း တစ်လုံး၊ My Phone လက်ကိုင်ဖုန်း တစ်လုံး၊ X-Mans လက်ကိုင်ဖုန်း တစ်လုံး၊ Vivo လက်ကိုင်ဖုန်း တစ်လုံး၊ A-21 လက်ကိုင်ဖုန်း တစ်လုံး၊ ရေညက်ကုံကျေးရွာမှ Huawei လက်ကိုင်ဖုန်း တစ်လုံး၊ အမှတ်(၇)ရပ်ကွက်အတွင်းရှိ နေအိမ်များမှ Samsung လက်ကိုင်ဖုန်း တစ်လုံး၊ Huawei လက်ကိုင်ဖုန်း တစ်လုံး၊ အမှတ်(၁၄)ရပ်ကွက်ရှိ နေအိမ်အတွင်းမှ True လက်ကိုင်ဖုန်း တစ်လုံး စုစုပေါင်း လက်ကိုင်ဖုန်း ၁၀ လုံး ခိုးယူရောင်းချခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

သက်သေခံဖုန်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်သူ စိုးသီဟ(ခ) အခြောက်မကို လှိုင်သာယာမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် လှိုင်သာယာမြို့မရဲစခန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် အသိပေးထားသည်။ **သတင်းစဉ်**







## မြန်မာ့ရုပ်မြင်သံကြား

**၃၁-၅-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | NRC အစီအစဉ် "တောင်ပေါ်မြို့လေးသို့ အလည်တစ်ခေါက်" |
| ၈း၃၅ | "ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးနှင့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများကို ဒုတိယ အခွင့်အရေးအဖြစ် ထိုးနှံပေးမည့် အစီအစဉ်" |
| ၉း၁၀ | "ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၄) |
| ၉း၃၅ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၅ | ASEAN Spotlight (Part-29) |
| ၁၀း၃၀ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၀၀ | "စာတတ်ဖို့ ဝင်ငွေကောင်းဖို့ အသက်ရှည်ဖို့" |
| ၁၁း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အပင်ပျိုးရန်ပန်းပွင့်စေ" (စိုးထက်၊ ခတ်လင်း၊ သန်းသန်းဆင့်၊ ဇေဖြိုး၊ မင်းသန့်ကို၊ လွင်မောင်) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)) |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၂၆) (မင်းဦး၊ဖိုးသောကြာ၊ဆုလိှုင်နှင်း၊ စိုးစန္ဒာကျော်၊ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၁၃း၁၅ | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (level-II) (ပွဲစဉ်-၃) (နေပြည်တော်) (ဒုတိယပိုင်း) |
| ၁၄း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်"(အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၃၁) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "ယ"ယမင်းခင် ကကြိုးဆင် |
| ၁၇း၀၅ | NHK အစီအစဉ် "Mathematica II" (လေးထောင့်ဖြစ်လာသော စက်ဝိုင်းများ) |
| ၁၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၂၇) (မင်းဦး၊ဖိုးသောကြာ၊ဆုလိှုင်နှင်း၊ စိုးစန္ဒာကျော်၊ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "ကယောဒေသ ကယောတို့ဘဝ" -America's Got Talent -မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ စာရေးဆရာမောင်ညွန့်လွင်) -အစီအစဉ်ပြီး၏။ |

# ဒလမြို့နယ်တွင် အမျိုးသမီးတစ်ဦး ဓာတ်လိုက်သေဆုံး

**ဒလ မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် မေ ၂၉ ရက် ညနေ ၆ နာရီက အမျိုးသမီးတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း ဒလမြို့နယ်မြို့မရဲစခန်းမှတ်တမ်းများအရ သိရသည်။

ဖြစ်စဉ်မှာ မေ ၂၉ ရက် ညနေ ၆ နာရီ မိနစ် ၂၀ က ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ လူနှစ်ဦးဓာတ်လိုက်ပြီး တစ်ဦးမှာ သေဆုံးနေကြောင်း သတင်းအရ ဒလမြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူး နိုင်ဝင်း သွားရောက်စုံစမ်းစစ်ဆေးရာ ဒေါ်ကြည်ညွန့်ဆိုသူမှာ ဝဲလက်မရင်း စုတ်ပြဲဒဏ်ရာ၊ ယာလက်သန်း စုတ်ပြဲဒဏ်ရာတို့နှင့် သေဆုံးနေပြီး ၎င်း၏ သားဖြစ်သူ ဦးကုလားလေး(ခ)အုန်းထွေး (၄၁)နှစ်မှာ ယာလက်ဖဝါး ပေါက်ပြဲဒဏ်ရာရရှိထားသဖြင့် ဆေးကုသမှုခံယူလျက်ရှိကြောင်း တွေ့ရသည်။

သေဆုံးသူ၏ သားဖြစ်သူ ဦးသောင်းကြည်(၄၇)နှစ်ကို မေးမြန်းရာ အဆိုပါညနေ ၅ နာရီခွဲတွင် နေအိမ်ခေါင်းရင်း၌ သွယ်တန်းထားသော တီဗွီအင်တာနာတိုင်မှာ ကျိုးကျနေ၍ မိခင်ဖြစ်သူ ဒေါ်ကြည်ညွန့်က သွားရောက်ကိုင်မိရာ ဓာတ်လိုက်နေစဉ် သားဖြစ်သူ ဦးကုလားလေး(ခ) အုန်းထွေးမှာ မိခင်အားသွားရောက်ကိုင်မိရာမှ ထပ်မံဓာတ်လိုက်ပြီး နှစ်ဦးစလုံး နောက်သို့လန်ကျကာ မိခင်ဖြစ်သူမှာ သေဆုံးသွားသည်။ ညီဖြစ်သူ ဦးကုလားလေး(ခ) အုန်းထွေးမှာ သတိလစ်နေ၍ ဆေးရုံသို့ပို့စဉ် သတိပြန်လည်ရရှိလာသော်လည်း မိခင်ဖြစ်သူမှာ နှလုံးရောဂါအခံရှိကြောင်း ပြောပြသည်။

အဆိုပါဖြစ်စဉ်အား ဒလမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာထွန်းဝင်းက လက်ခံစစ်ဆေးလျက်ရှိပြီး သေဆုံးမှုမှာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် ဒလမြို့မရဲတပ်ဖွဲ့စခန်းက သေမှု၊ သေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

# မာန်အောင်မြို့နယ် ကံလက်ကျေးရွာတွင် ဓာတ်လိုက်၍ လူနှစ်ဦး သေဆုံး

**မာန်အောင် မေ ၃၀**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် အိုးဝအုပ်စု ကံလက်ကျေးရွာတွင် မေ ၂၉ ရက် ည ၇ နာရီခန့်က ဓာတ်လိုက်၍ လူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် မေ ၂၉ ရက် ညနေပိုင်းက ကံလက်ကျေးရွာနေ ဦးစိန်ချမ်းအောင်၏ နေအိမ်ခြံဝင်းအနီးရှိ ဝါးပင်ကို ခုတ်လှဲချစဉ် ရွာမီးစက်ဖြင့် မီးလင်းရေးအတွက် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးအား ထိခိုက်မိသဖြင့် လျှပ်စစ်ဝိုင်ယာကြိုးပြုတ်ကျပြီး ဦးစိန်ချမ်းအောင်၏ ခန္ဓာကိုယ်သို့ လျှပ်စစ်စီးကာ ဓာတ်လိုက်နေစဉ် ၎င်း၏ ဇနီး ဒေါ်မဟန်ရွှေက ဦးစိန်ချမ်းအောင်၏ လက်အားဆွဲယူရာ နှစ်ဦးလုံး ဓာတ်လိုက်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လီဗာပူးအသင်းရဲ့ ကွင်းလယ်ဖန်တီးရှင်တစ်ဦးဖြစ်လာတဲ့ ဖာဘင်ဟို




လီဗာပူးအသင်းဟာ မိုနာကိုကွင်းလယ်ကစားသမား ဖာဘင်ဟိုကို ပြောင်းရွှေ့ကြေး ပေါင် ၄၄ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ ဘရာဇီးကွင်းလယ်ကစားသမား ဖာဘင်ဟိုဟာ ကနဦးအနေနဲ့ ပေါင် ၃၉ သန်းဖြင့် သဘောတူညီခဲ့တာဖြစ်ပြီး ကျန်ရှိသည့် ပြောင်းရွှေ့ကြေးကို ဖာဘင်ဟိုရဲ့ စွမ်းဆောင်ရည်အပေါ်မူတည်ပြီး ထပ်ပေးမယ်လို့လည်း သိရပါတယ်။

လီဗာပူးအသင်းအနေနဲ့ ဖာဘင်ဟိုကို ခေါ်ယူလိုက်ခြင်းဟာ လက်ရှိကွင်းလယ်ကစားသမား အမ်မရီကန်နေရာမှာ အစားထိုးဖို့ ရည်ရွယ်ခဲ့တာဖြစ်ပြီး ဖာဘင်ဟိုဟာ ဇူလိုင် ၁ ရက်မှာ လီဗာပူးအသင်းကို ရောက်ရှိလာမယ့်လို့လည်း သိရပါတယ်။

ကွင်းလယ်ကစားသမား အမ်မရီကန်ရဲ့ စာချုပ်သက်တမ်းဟာ အခုနွေရာသီအပြောင်းအရွှေ့ကာလမှာ ကုန်ဆုံးမှာဖြစ်တာမို့ အမ်မရီကန်ဟာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ အဲဒါကြောင့် ကွင်းလယ်ပိုင်းရော ခံစစ်ပိုင်းမှာပါ ကျွမ်းကျွမ်းကျင်ကျင်ကစားနိုင်တဲ့ ဖာဘင်ဟိုကို ခေါ်ယူဖို့ လီဗာပူးအသင်းနည်းပြ ကလော့အနေနဲ့ စီစဉ်ခဲ့တာလည်း ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဖာဘင်ဟိုဟာ ၂၀၁၃ ခုနှစ်မှာ ပေါ်တူဂီကလပ် ရီယိုအေးဗီးအသင်းကနေ မိုနာကိုအသင်းကို အငှားစာချုပ်နဲ့ ရောက်ရှိလာခဲ့တာဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမှာ မိုနာကိုအသင်းနဲ့အတူ ပြင်သစ်ပထမတန်းဖလားကိုလည်း ရယူနိုင်ခဲ့ပါတယ်။

ဖာဘင်ဟိုရဲ့ ခြေစွမ်းပိုင်းထက်မြက်မှုတွေကြောင့် မိုနာကိုအသင်းက ၂၀၁၅ ခုနှစ်မှာ အမြဲတမ်းစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ ဖာဘင်ဟိုရဲ့ မိုနာကိုအသင်းအတွက် စွမ်းဆောင်ပေးခဲ့မှုတွေကလည်း သိသိသာသာ ရှိလာခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှာလည်း မိုနာကိုအသင်းနဲ့အတူ ၄၇ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ရှစ်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။

မိုနာကိုအသင်းကို ဖာဘင်ဟို ရောက်ရှိလာချိန်မှစလို့ လီဗာပူးအသင်းကို မပြောင်းရွှေ့မီအထိ မိုနာကိုအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ၂၂၅ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၂၉ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

ပြင်သစ်ပထမတန်းပြိုင်ပွဲတွင် မိုနာကိုအသင်း အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့ပေမယ့် ကွင်းလယ်ကစားသမား ဖာဘင်ဟိုကတော့ ရုရှားနိုင်ငံမှာ ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ဘရာဇီးအသင်းနဲ့အတူ ပါဝင်ခွင့်မရရှိခဲ့ပါဘူး။



## လိုင်ယွန်တိုက်စစ်မှူး နာဘီလ်ဖီကီယာအား လီဗာပူး ခေါ်ယူမည်

လီဗာပူးအသင်းသည် လိုင်ယွန်တိုက်စစ်မှူး နာဘီလ်ဖီကီယာအား စာချုပ်ချုပ်ဆိုခေါ်ယူရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အသက် (၂၄) နှစ်အရွယ်ရှိ တိုက်စစ်မှူး ဖီကီယာအား ကလပ်အသင်းအတော်များများက ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း လီဗာပူးအသင်းနည်းပြ ကလော့က စောစီးစွာ ကမ်းလှမ်းလာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် တိုက်စစ်မှူး ဖီကီယာကမူ ယင်းသို့သတင်းများ ထွက်ပေါ်နေသော်လည်း လီဗာပူးအသင်းကို ပြောင်းရွှေ့ဖို့ မစီစဉ်ရသေးကြောင်းနှင့် လိုင်ယွန်အသင်းကလည်း ဖီကီယာ၏ အပြောင်းအရွှေ့နှင့်စပ်လျဉ်း၍ ပေါင် ၅၃ သန်းအထိ လိုချင်ကြောင်း ပြောကြားထားသည်။

လီဗာပူးအသင်းသည် ဖီကီယာအပြင် ဒေါ့မွန်ကစားသမား ပူလီဆစ်ကိုလည်း စိတ်ဝင်စားလျက်ရှိပြီး ပူလီဆစ်အား ချယ်လ်ဆီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က ပေါင် ၅၃ သန်း ပေးပြီး ခေါ်ယူရန်အသင့်ရှိနေကြောင်း သိရသည်။ ပူလီဆစ်အား လီဗာပူးအသင်း၊ ချယ်လ်ဆီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းအပြင် စပါးအသင်းကလည်း စိတ်ဝင်စားလျက်ရှိသည်။

နည်းပြ ကလော့အနေဖြင့် ဖီကီယာအား ပစ်မှတ်ထားနေခြင်းမှာ တိုက်စစ်ပိုင်းတွင် မာနေးနှင့် ဆာလတ်တို့ကို အထောက်အကူဖြစ်စေရန်ဖြစ်ပြီး လက်ရှိတွင် မိုနာကို ကွင်းလယ်ကစားသမား ဖာဘင်ဟိုကိုခေါ်ယူရန် သဘောတူညီထားခဲ့ပြီးဖြစ်သည်။

## ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် ဂျိုကိုဗစ် နောက်တစ်ဆင့်တက်ပြီး ဝေါရင်ကာ ဒဏ်ရာကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရ

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်သည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဘရာဇီးတင်းနစ်ကစားသမား ဒူထရာဆေးလ်ဗားအား အနိုင်ရရှိခဲ့ပြီး ဒုတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဂျိုကိုဗစ်သည် ဒူထရာဆေးလ်ဗားအား ၆-၃၊ ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့ပြီးနောက်ပိုင်း ဒဏ်ရာရရှိနေခဲ့ခြင်းကြောင့် ဂရန်းဆလမ်းပြိုင်ပွဲများတွင် ဆုဖလားရယူနိုင်ခဲ့ခြင်းမရှိခဲ့သူ ဖြစ်သည်။

ဂျိုကိုဗစ်သည် လက်ရှိတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့် ၁၂ တွင် ရပ်တည်လျက်ရှိပြီး တံတောင်ဆစ်ဒဏ်ရာကြောင့် အနားယူနေခဲ့ရသူဖြစ်ကာ မတ်လအတွင်းက ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် အခြားကစားသမားတစ်ဦးဖြစ်သည့် ဝေါရင်ကာသည်လည်း အဖွင့်ပွဲစဉ်တွင် ဒဏ်ရာပြဿနာကြောင့် ရုန်းကန်ခဲ့ရသည့်အပြင် ရှုံးပွဲပါကြုံတွေ့ခဲ့ရသည်။ စပိန်နိုင်ငံသား တင်းနစ်ကစားသမား ဂါစီယာလိုပက်ဇ်သည် ဝေါရင်ကာကို ၆-၂၊ ၃-၆၊ ၄-၆၊ ၇-၆(၇-၅)၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဝေါရင်ကာသည် ယခင်က ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၃၀ အတွင်း ရှိခဲ့သော်လည်း ယခုရှုံးပွဲကြောင့် အဆင့် ၃၀ မှတစ်ဆင့် ထပ်မံလျော့ကျဦးမည်ဖြစ်ပြီး အဆိုပါကမ္ဘာ့အဆင့်သတ်မှတ်ချက်ကို ဇွန် ၁၁ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။

အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ကမ္ဘာ့အဆင့်နံပါတ်တစ်နေရာတွင် ရပ်တည်လျက်ရှိသော စပိန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့် အီတလီတင်းနစ်ကစားသမား ဘိုလယ်လီတို့၏ ပွဲစဉ်မှာ မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ပွဲကို ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။


© AP

## အသင်းဟောင်း စပါးကို ပြန်သွားမည်မဟုတ်ဟု ဂါရတ်ဘေးလ် ပြောကြား

ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းဟောင်း စပါးအသင်းသို့ ပြန်သွားမည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် လီဗာပူးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအပြီး အသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရလိုကြောင်း ပြောကြားခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းတွင် ဆက်ရှိရန် မသေချာသည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိလာခဲ့သည်။

ဂါရတ်ဘေးလ်သည် ၂၀၁၃ ခုနှစ်က စပါးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၈၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာခဲ့မည်ဆိုပါက စပါးအသင်းက ဂါရတ်ဘေးလ်အား ပြန်လည်ခေါ်ယူမည်ဆိုသည့် သတင်းများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် တိုက်စစ်မှူး ဂါရတ်ဘေးလ်၏ ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းသည် ၂၀၂၂ ခုနှစ်အထိ ဆက်ရှိနေမည်ဖြစ်သည့်အပြင် အခွန်ဆောင်ပြီး တစ်ပတ်လုပ်ခလစာ ပေါင် လေးသိန်းအထိ ဝင်ငွေရရှိရန်လည်း ဂါရတ်ဘေးလ်က မျှော်လင့်လျက်ရှိကြောင်း သိရသည်။



ငွေကြယ်-ရေးသားသည်

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

ဒေါက်တာအောင်ထွဏ်း
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (World No Tobacco Day) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားပါသည်။ ယခု ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်အဖြစ် 'နှလုံးသွေးကြောရောဂါကင်းဝေးဖို့ ဆေးလိပ်၊ ဆေးရွက်ကြီး ရှောင်ကြစို့' (Tobacco breaks Hearts) ဟု သတ်မှတ် ဆောင်ရွက်ရန် နှိုးဆော်ထားပါသည်။ မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်း၍ နှစ်စဉ်မေလ ၃၁ ရက်နေ့တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားနှင့် လှုပ်ရှားမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါသည်။

**၂၀၁၈ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ လှုပ်ရှားမှုများ၏ ရည်ရွယ်ချက်များ**

ယခု၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ လှုပ်ရှားမှုလုပ်ငန်းရည်ရွယ်ချက်များအဖြစ်

- ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုကြောင့် နှလုံးသွေးကြောရောဂါများဖြစ်စေပုံကို မီးမောင်းထိုးပြရန်၊
- ပြည်သူများအား ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုသာမက တစ်ဆင့်ခံ ဆေးလိပ်ငွေ့ကြောင့်လည်း နှလုံးသွေးကြောရောဂါများ ဖြစ်စေတတ်ပုံကို ပိုမိုသိရှိစေရေးအတွက် ပညာပေး ဆောင်ရွက်ရန်၊
- ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုအန္တရာယ်မှ ကာကွယ်ပေးခြင်းဖြင့် နှလုံးသွေးကြောကျန်းမာရေးမြှင့်တင်ပေးမည့် ကတိကဝတ်များ အာမခံကျင့်သုံးနိုင်ရန်လူထု၊ အစိုးရနှင့် သက်ဆိုင်ရာ နှီးနွှယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများအား စည်းရုံးဆောင်ရွက်နိုင်ရန်၊
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများအား ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းတွင် ပါဝင်သည့်MPOWER လုပ်ငန်းစဉ်အား ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး အားပေးကူညီရန် သတ်မှတ်ထားပါသည်။

**ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းဆိုသည်မှာ**

မြန်မာနိုင်ငံတွင်၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့ တွင် ပြဋ္ဌာန်းခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေအရ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်းဖွင့်ဆိုထားပါသည်။

ဆေးလိပ်ဆိုသည်မှာ ဆေးရွက်ကြီးထွက်ပစ္စည်းအား မီးလောင်ကျွမ်းစေခြင်းဖြင့် ထွက်ပေါ်လာသော အခိုးအငွေ့ကို ရှူရှိုက်ရန်အလို့ငှာ တစ်နည်းနည်းဖြင့် စီမံထားသည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံနှင့် အလားတူအခြားပစ္စည်းတစ်မျိုးမျိုးကို ဆိုလိုသည်။

ဆေးရွက်ကြီးထွက်ပစ္စည်းဆိုသည်မှာ ဆေးရွက်ကြီးပင်တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ အရွက်ကို ဖြစ်စေ၊ အရိုးကိုဖြစ်စေ သောက်ရန် သို့မဟုတ် သုံးရန်အလို့ငှာ ပြုပြင်စီမံထားသောပစ္စည်းတစ်မျိုးမျိုးကို ဆိုလိုသည်။

သို့ဖြစ်ပါ၍ ယခုအခါ ခေတ်စားလျက်ရှိသည့် အီးစီးကရက် (E-cigarette)၊ရှီရှား(Shisa) တို့သည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများတွင် အကျုံးဝင်ပါသည်။

**ဆေးလိပ်နှင့် နှလုံးသွေးကြောရောဂါများ**

ဆေးလိပ်စသောက်လိုက်သည်နှင့် သုံးစက္ကန့်အတွင်း လူ၏ ခန္ဓာကိုယ်ကိုစတင်အန္တရာယ်ပေးပါသည်။ ဆေးလိပ်မီးခိုးတွင်ဓာတ်ငွေ့များ၊ ရေငွေ့များနှင့် သေးငယ်သောအမှုန်အခဲကလေးများပါဝင်ကြပါသည်။ ဆေးလိပ်မီးညှို၍သောက်လိုက်သောအခါ မီးလောင်သောဆေးလိပ်မှ ဓာတုပစ္စည်းများစွာပါဝင်သော ဆေးလိပ်မီးခိုးဖြစ်ပေါ်လာသည်။ လက်ရှိ သုတေသနပြုချက်များအရ ဆေးလိပ်မီးခိုးတွင် နီကိုတင်း၊ ကတ္တရာ၊ ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယားစသော လူကိုသေစေတတ်သည့် ကင်ဆာရောဂါဖြစ်စေတတ်သော ပစ္စည်း အမျိုး ၇၀ခန့် အပါအဝင် ဓာတုပစ္စည်း ၇၀၀၀ ကျော်ပါဝင်ကြောင်းသိရပါသည်။ အဆိပ်ဓာတ်ငွေ့များပါသောဆေးလိပ်မီးခိုးသည် အဆုတ်၊ နှလုံး၊ ဦးနှောက်နှင့် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသို့ရောက်ရှိကာ ဒုက္ခပေးပါတော့သည်။




> ကမ္ဘာပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲသူ ၁ ဒသမ ၁ ဘီလီယံရှိသည့် အနက် သောက်သုံးမှုကြောင့် နှစ်စဉ်လူပေါင်းခုနစ်သန်းခန့် သေဆုံးလျက်ရှိပြီး သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းကြောင့် သေဆုံးရသူ ၈၉၀၀၀၀ ခန့်ပါဝင် . . .

ဆေးလိပ်သောက်လိုက်လျှင်ဆေးလိပ်အခိုးအငွေ့ထဲတွင်ပါဝင်သော နီကိုတင်းနှင့် ကာဗွန်မိုနောက်ဆိုက်ဓာတ်များသည် အဆုတ်မှတစ်ဆင့် ခန္ဓာကိုယ်သွေးကြောများထဲသို့ရောက်ရှိကာ နှလုံးကို တစ်မိနစ်လျှင် ၁၅ ကြိမ်မှ ၂၅ ကြိမ်အထိ ပိုခုန်စေ၍ သွေးပေါင်ချိန်ကိုလည်း ၁၀ မှ ၂၀ အထိ မြင့်တက်စေပါသည်။ ထို့အတွက်ကြောင့် နှလုံးသည် ပို၍အလုပ်လုပ်ရပါသည်။ နှလုံးထဲတွင်ရှိသော သွေးကိုခဲစေပါသည်။ နှလုံးသွေးကြောအတွင်း မျက်နှာပြင်ကို ပျက်စီးစေပါသည်။ သွေးကြောများကို ကျဉ်းစေပါသည်။

ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ နှလုံးမမှန်သည့်ရောဂါ၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်သည့်ရောဂါ၊ ဦးနှောက်အမြှေးပါးအောက်သွေးယိုခြင်း၊ ခြေပုပ်၊ လက်ပုပ်ရောဂါဖြစ်ခြင်း၊ ပြင်းထန်သည့် သွေးတိုးရောဂါဖြစ်ခြင်း၊ အဆုတ်ကြောင့်ဖြစ်သော နှလုံးရောဂါဖြစ်စေခြင်း၊ပင်မသွေးကြောလွယ်ကူစွာပေါက်နိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်။

ကမ္ဘာပေါ်တွင် နှလုံးသွေးကြောရောဂါကြောင့် သေဆုံးမှုများ၏ ၁၂ ရာခိုင်နှုန်းသည်ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲခြင်းနှင့် တစ်ဆင့်ခံ ဆေးလိပ်ငွေ့များကြောင့်ဖြစ်ရကြောင်းနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲခြင်းသည်သွေးတိုးရောဂါပြီးလျှင် နှလုံးသွေးကြောရောဂါဖြစ်ပွားစေသော ဒုတိယအကြောင်းရင်းတစ်ခုဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားပါသည်။

**ဆေးလိပ်ကြောင့်ဖြစ်သော အခြားရောဂါများနှင့် အန္တရာယ်များ**

ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါး ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့်ဆေးပါသော ကွမ်းစားခြင်းတို့ကြောင့် နှလုံးသွေးကြောရောဂါများအပြင်အဆုတ်ပွန်ရောင်ခြင်း၊ အဆုတ်ပွရောဂါ၊ ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် အခြားကင်ဆာများဖြစ်ပွားခြင်း။ အမျိုးသားများတွင် အသက်ရှူမဝခြင်း၊ ပန်းသေပန်းညှိုးရောဂါရခြင်း၊ အိမ်ထောင်ရေးသုခအပြည့်အဝမခံစားနိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဆေးလိပ်သောက်လျှင်၊ သူတစ်ပါးဆေးလိပ်ငွေ့ရှူရလျှင် ကိုယ်ဝန်ပျက်ခြင်း၊ ကလေးအသေမွေးခြင်း၊ လမစေ့၊ ပေါင်မပြည့်သောကလေးမွေးဖွားခြင်း၊ မွေးရာပါကိုယ်လက်အင်္ဂါချို့ယွင်းသည့်ကလေး မွေးဖွားခြင်း၊ မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်းများဖြစ်စေနိုင်ပါသည်။

ဆေးလိပ်မီးခိုးငွေ့များသည် မွေးကင်းစကလေးငယ်များနှင့် လသားကလေးငယ်များတွင် အသက်ရှူလမ်းကြောင်းရောဂါများ၊ ပန်းနာရင်ကျပ်ရောဂါနှင့် မကြာခဏ နားပြည်ယိုခြင်းများဖြစ်တတ်ပါသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲခြင်းသည် လူတစ်ဦးချင်း၊ မိသားစု၊ ပတ်ဝန်းကျင်၊ လူ့ အသိုင်းအဝိုင်းနှင့် နိုင်ငံအတွက်ပါ ထိခိုက်စေသည့် နောက်ဆက်တွဲဆိုးကျိုးများစွာ ဖြစ်ပေါ်စေသည့်အပြင် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေသည့် လတ်တလောနှင့်ရေရှည်ဆိုးကျိုးများစွာ ဖြစ်ပေါ်စေပါသည်။

၂၀၁၈ ခုနှစ် မေလအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲသူ ၁ ဒသမ ၁ ဘီလီယံရှိသည့် အနက် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုကြောင့် နှစ်စဉ်လူပေါင်းခုနစ်သန်းခန့် သေဆုံးလျက်ရှိပြီး ယင်းတို့ အနက် ဆေးလိပ်မသောက်သော်လည်း သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းကြောင့် သေဆုံးရသူ ၈၉၀၀၀၀ ခန့်ပါဝင်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံတွင် အသက် ၁၃ နှစ်မှ ၁၅ နှစ်ရှိ ကျောင်းသား ကျောင်းသူများအတွင်း စီးကရက်သောက်သုံးမှုနှုန်းမှာ (Global Youth Tobacco Survey-GYTS)အရ ၂၀၁၁ ခုနှစ် စစ်တမ်းတွင် ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း ကျောင်းသား ကျောင်းသူများ၏ ၆ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ၂၀၁၆ ခုနှစ် စစ်တမ်းတွင်မူ ၈ ဒသမ ၃ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် မြန်မာကျောင်းသားလူငယ်များအတွင်းဆေးရွက်ကြီးပါသော ကွမ်းစားသုံးမှုသည် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

အသက် ၁၅ နှစ်မှ ၆၉ နှစ်အတွင်း လူကြီးပိုင်းတွင်မူ မြန်မာအမျိုးသားများ၏ ၃၂ ရာခိုင်နှုန်းသည် စီးကရက်သောက်သုံးကြ၍ ၁၄ ရာခိုင်နှုန်းသည် ဆေးပေါ့လိပ်၊ ဆေးတံသောက်သုံးကြကြောင်း၊ မြန်မာအမျိုးသမီးများ၏ နှစ်ရာခိုင်နှုန်းခန့်သာ စီးကရက်(သို့မဟုတ်) ဆေးပေါ့လိပ်၊ ဆေးတံသောက်သုံးကြကြောင်း၊ မြန်မာအမျိုးသား ၅၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၈ ရာခိုင်နှုန်းတို့သည် ကွမ်းယာစားသုံးကြကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်စစ်တမ်း ၂၀၁၅-၂၀၁၆ အရ သိရှိရပါသည်။

**၂၀၁၈ မြန်မာ့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗျူဟာအသစ်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုသည့် ၁၁ နိုင်ငံမြောက်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ထို့ပြင်၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် စတင်အာဏာတည်သော ဆေးလိပ်ထုပ်တိုင်း၏ မျက်နှာပြင် ၅၀ ရာခိုင်နှုန်းတွင် ဆေးလိပ်အန္တရာယ်များ ဖော်ပြသော ရုပ်ပုံများနှင့် မျက်နှာပြင် ၂၅ ရာခိုင်နှုန်းတွင် ကျန်းမာရေးသတိပေးချက်စာသားများဖော်ပြရန် သတ်မှတ်ချက် စုစုပေါင်း ၇၅ ရာခိုင်နှုန်း Pictorial Health Warning သည် ကမ္ဘာပေါ်တွင် အဆင့်ရှစ်လိုက်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကုလသမဂ္ဂနှင့် နှီးနွှယ်ဌာနအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆေးလိပ်နှင့် ဆေးရွက်ကြီး ကင်းဝေးရေးစီမံချက်ဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကို လျော့နည်းစေရန် (MPOWER) မူဝါဒ ခြောက်ချက် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ သင်နှင့်သင့်မိသားစုနှလုံးသွေးကြောရောဂါအပါအဝင် ရောဂါဘယကင်းဝေးစေရန်နှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအန္တရာယ်မျိုးစုံမှ ကာကွယ်နိုင်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်စေလိုပါသည်။

- ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို အစမပြုပါနှင့်၊
- ကိုယ်ဝန်ဆောင်နှင့်ကလေးငယ်များအနီးတွင် ဆေးလိပ်သောက်ခြင်း၊ ကလေးငယ်အား ဆေးလိပ်မီးညှိခိုင်းခြင်းကို ရှောင်ကြဉ်ပါ။
- နှလုံးသွေးကြောရောဂါနှင့်အခြားနောက်ဆက်တွဲရောဂါများဖြစ်ပွားလာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းနှင့်ကျန်းမာရေးဌာနများတွင် ဆောလျင်စွာပြသ၍စနစ်တကျကုသမှုခံယူပါ။
- ဆေးလိပ်စွဲနေလျှင်ဖြတ်ရန် ကြိုးစားပါ၊ နီးစပ်ရာကျန်းမာရေးဌာနတွင် တိုင်ပင်ပြသပါ။ သုတေသနပြုချက်အရ ယနေ့ဆေးလိပ်ဖြတ်လျှင် ယနေ့အကျိုးရှိကြောင်း၊နှလုံးသွေးကြောရောဂါအန္တရာယ်လျော့နည်းစေကြောင်းသိရှိရပါသည်။

**မှီငြမ်း**

**-Word No Tobacco Day media Kit, WHO, 2018**
**-FCTC 2030 Strategy: Myanmar, WHO FCTC Secretariat, 2018**
**-The Tobacco Atlas, 6th Edition, American Cancer Society, 2018**
**-Global Atlas on CVD prevention and Control, WHO, 2011**
**-Facts on Tobacco, MOHS,2009**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရီးသွားရန် နေရာ ၃၀ ခန့်ရှိသော်လည်း ခရီးသွားအများစုသည် ရှစ်နေရာသာသွားရောက်လည်ပတ်



**စစ်ကိုင်း မေ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားဇုန် ခြောက်ဇုန်တွင် ခရီးသွားနေရာ ၃၀ ခန့်ရှိသော်လည်း ပြည်တွင်းပြည်ပ ခရီးသွားအများစုသည် ရှစ်နေရာသာ သွားရောက်လည်ပတ်လေ့လာမှုများကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတာဝန်ရှိသူထံမှသိရသည်။

"အင်းဝတံတား (စစ်ကိုင်းတံတား)၊ မင်းကွန်းခေါင်းလောင်းကြီး၊ ပုထိုးတော်ကြီး၊ ဆွမ်းဦးပုညရှင်၊ ညောင်ကန်ကြေးခေတ်ပြတိုက်၊ ဘုတလင်၊ တွင်းတောင်၊ ဟန်လင်းစတဲ့နေရာတွေအသွားများတယ်။ အမှန်က စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားဇုန် ခြောက်ဇုန်မှာ ခရီးသွားစရာနေရာ ၂၀ ကျော် ၃၀ နီးပါးရှိတယ်။ ၃၀ နီးပါးဆိုတာ တစ်မြို့တည်းလည်း လေးနေရာ ငါးနေရာရှိတာပေါ့။ မုံရွာအနီးဝန်းကျင်ဆိုရင် ရှစ်နေရာလောက်ရှိတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဖြိုးလွင်ကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာခရီးသွားဇုန်၊ စစ်ကိုင်းခရီးသွားဇုန်၊ ရွှေဘိုခရီးသွားဇုန်၊ ကလေးခရီးသွားဇုန်၊ ကသာခရီးသွားဇုန်နှင့် ခန္တီး ခရီးသွားဇုန်ဟူ၍ ခြောက်ဇုန်ရှိရာခရီးသွားအများစုမသိသေးသည့်ဇုန်သည်ခန္တီး ခရီးသွားဇုန်ဖြစ်ပြီးလမ်းပန်းအခက်အခဲရှိနေခြင်းကလည်း ခရီးသွားများအတွက် အဓိကစိန်ခေါ်မှုဖြစ်သည်။

"ခန္တီးခရီးသွားဇုန်ကို အဓိကသွားကြတာက ထမံသီဘေးမဲ့တောကို အသွားများကြတယ်။ ရေကြောင်းက သွားရင်တော့ ရေကြောင်းဗဟုသုတပါရစေတာပေါ့။ ချင်းတွင်းမြစ်ထဲက နာမည်ကျော် ဝဲသုံးဝဲကိုလည်းလေ့လာလို့ရတာပေါ့။ လေကြောင်းက မန္တလေး-ခန္တီးတိုက်ရိုက်သွားကြတာရှိတယ်"ဟု ဦးအောင်ဖြိုးလွင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ-ကလေး - စစ်ကိုင်း - ရွှေဘိုနှင့်ကသာ ဒေသသို့ ၂၀၁၆-၁၇ခုနှစ် ဧပြီလမှ မတ်လအတွင်း ပြည်တွင်းဧည့်သည် ၁၂၃၇၈ ဦးနှင့် ပြည်ပဧည့်သည် ၂၇၃၃၁ ဦး စုစုပေါင်း ၁၅၀၆၈၉ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၇-၁၈ခုနှစ်ဧပြီလမှမတ်လအထိပြည်တွင်း ဧည့်သည် ၁၄၃၃၅၁ ဦးနှင့်ပြည်ပဧည့်သည် ၂၇၆၀၇ ဦး စုစုပေါင်း ၁၇၀၉၅၈ ဦး ဝင်ရောက်ကြောင်းသိရသည်။

ယခင်နှစ်ကထက် ယခု၂၀၁၇-၁၈နှစ်တွင် ခရီးသွားဝင်ရောက်မှုသည် ပြည်တွင်း ပြည်ပဧည့်သည် ၂၀၂၆၉ ဦး ဝင်ရောက်မှု တိုးလာရာခရီးသွားဝင်ရောက်မှု ၁၃ ဒသမ၄၅ ရာခိုင်နှုန်းတိုး တက်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြစိမ်းရောင်စီမံကိန်း အားနည်းချက်မရှိရေး သုံးသပ်ဆွေးနွေး

**ဘားအံ မေ ၃၀**
ကရင်ပြည်နယ်အတွင်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြစ်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်နှင့် တွေ့ကြုံရသည့် အခက်အခဲများသိရှိရန်နှင့် ဆောင်ရွက်ရမည့်အခြေအနေများအား ပြည်နယ်အဆင့် သုံးသပ်ဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ လျာကမြင်ရှိ ပြည်နယ်ကျေးလက်ရုံး၌ ပြုလုပ်သည်။

ကရင်ပြည်နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်နေသည့် ဘားအံခရိုင်နှင့် ကော့ကရိတ်ခရိုင်များ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိသော မြို့နယ်ခုနစ်မြို့နယ်၏ မြစိမ်းရောင်ကျေးရွာယူနစ်များမှာ ၂၀၁၄ မှ ၂၀၁၈ခုနှစ်အထိ ဘားအံမြို့နယ်တွင် ကျေးရွာအရေအတွက် ၅၀၊ ကျေးရွာယူနစ် ၄၇ ယူနစ်၊ လှိုင်းဘွဲမြို့နယ်တွင် ကျေးရွာ အရေအတွက် ၄၀၊ ကျေးရွာယူနစ် ၃၈ ယူနစ်၊ ကော့ကရိတ်မြို့နယ်တွင် ကျေးရွာ အရေအတွက် ၃၉ ရွာ၊ ကျေးရွာယူနစ် ၃၉ ယူနစ်၊ မြဝတီမြို့နယ်တွင် ကျေးရွာ အရေအတွက် ၃၂ ရွာ၊ ကျေးရွာယူနစ် ၃၁ ယူနစ်၊ ကြာအင်းဆိပ်ကြီးတွင် ကျေးရွာအရေအတွက် ၂၅ ရွာ၊ ကျေးရွာယူနစ် ၂၅ ယူနစ်၊ ဖာပွန်မြို့နယ်တွင် ကျေးရွာ အရေအတွက် ၄၈ ရွာ၊ ကျေးရွာယူနစ် ၃၄ ယူနစ်၊ သံတောင်ကြီးမြို့နယ်တွင် ကျေးရွာ အရေအတွက် ၆၄ ရွာ၊ ကျေးရွာယူနစ် ၅၀ ယူနစ် စုစုပေါင်း ကျေးရွာအရေအတွက် ၂၉၈ ရွာ၊ ကျေးရွာယူနစ် ၂၆၄ ယူနစ် ရှိကြောင်း သိရသည်။

အဆိုပါပြည်နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးထွန်းဇော်ချစ်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသော မြို့နယ် ခုနစ်မြို့နယ်မှ မြို့နယ်ဦးစီးမှူးများက မိမိတို့မြို့နယ်အလိုက်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းကျေးရွာများတွင် တွေ့ကြုံနေရသည့်အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များအား သုံးသပ်ဆွေးနွေးတင်ပြခဲ့ကြကာ ရှေ့ဆက်လုပ်ဆောင်ကြမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းခြင်း၊ ဆွေးနွေးမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# တောရိုင်းတိရစ္ဆာန်တရားမဝင် ရောင်းဝယ်ဖောက်ကားမှု ခွဲခြားခြင်းဆိုင်ရာသင်တန်း လေဆိပ်ဝန်ထမ်းများအား ပို့ချ

**မန္တလေး မေ ၃၀**
မြန်မာနိုင်ငံ၏ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းကို လျော့ကျစေရန် ရည်ရွယ်၍ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဝန်ထမ်း ၂၀၀ ခန့်ကို တောရိုင်းတိရစ္ဆာန်တရားမဝင် ရောင်းဝယ်ဖောက်ကားမှု ခွဲခြားခြင်းဆိုင်ရာသင်တန်း ပြုလုပ်သည်။

သစ်တောဦးစီးဌာနမှ ဦးဆောင်၍ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဝန်ထမ်းများ၊ လေဆိပ်ရဲနှင့် အကောက်ခွန်ဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၀၀ ခန့်ကို တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု ခွဲခြားခြင်းဆိုင်ရာ သင်တန်းကို မေ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ပို့ချခဲ့သည်။

"ဒီသင်တန်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ တောရိုင်းတိရစ္ဆာန်နဲ့ တောရိုင်းတိရစ္ဆာန်ထွက် အစိတ်အပိုင်းတွေကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ နိုင်ငံတကာကို သယ်ယူပို့ဆောင်မှု မရှိဖို့နဲ့ ပြီးရင် လေဆိပ်မှာ တာဝန်ကျနေတဲ့ လုံခြုံရေးဝန်ထမ်းတွေနဲ့ အခြားတရားဥပဒေစိုးမိုးရေးဝန်ထမ်းတွေကနေ တောရိုင်းတိရစ္ဆာန်ထွက်အစိတ်အပိုင်းတွေကို မန္တလေးလေဆိပ်မှာ စနစ်တကျနဲ့ တားဆီးစစ်ဆေးအရေးယူနိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက လေဆိပ်ဝန်ထမ်းတွေက တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းတွေကို စနစ်တကျနဲ့ ခွဲခြားနိုင်ပြီးမှ တားဆီးနိုင်ရေးအတွက်လည်း ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ဦးအောင်ကျော်က ပြောသည်။

သင်တန်းကို သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ Law Enforcement Advisor ဖြစ်သူ Mr. Justing Douglas GOSLING၊ တောရိုင်းတိရစ္ဆာန်တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးအောင်ကျော်၊ တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတားဆီးရေးဆိုင်ရာ အရာရှိ ဒေါ်မြသီတာအောင်တို့က Section လေးခုခွဲကာ Section တစ်ခုတွင် လေဆိပ်ဝန်ထမ်း ၅၀ ခန့်ကို သင်တန်းပေးခဲ့ကြောင်း သိရသည်။

**ညီတူး**




# မုန်တိုင်းငယ်အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးရေချိန် ခုနစ်လက်မကျော်အထိ ရွာသွန်း

**မုံရွာ မေ ၃၀**
ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် မိုးရေချိန် ၇ ဒသမ ၀၁ လက်မအထိ မိုးရွာသွန်းမှုရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ မိုးလေဝသစခန်း ၁၈ ခုက ပေးပို့ချက်တွေအရ မေလအတွင်းမှာ မိုးရွာသွန်းရက်က မေ ၃၀ ရက်အထိ ၁၇ ရက်ရှိခဲ့ပါတယ်၊ အခုတစ်ကြိမ်ရွာသွန်းတဲ့ မိုးရေချိန်က အများဆုံးပဲ၊ ၂၀၁၇ ခုနှစ်တုန်းက မေလတစ်လလုံးမှာ မိုးရွာသွန်းရက် ၁၀ ရက်ရှိခဲ့ပါတယ်၊ မိုးရေချိန်အနေနဲ့ ဖောင်းပြင်မြို့မှာ တစ်လလုံး ၁၁ ဒသမ ၇၃ လက်မအထိ အများဆုံးရွာသွန်းခဲ့ပြီး ကသာမြို့နယ်မှာတော့ တစ်လလုံးမှာ မိုးရေချိန် ၄ ဒသမ ၁၇ လက်မနဲ့ အနည်းဆုံးရွာသွန်းခဲ့ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မေ ၃၀ ရက် မိုးရွာသွန်းမှုအခြေအနေအရ ခန္တီးမြို့တွင် မိုးရေချိန် ၁ ဒသမ ၃၃ လက်မ၊ ဟုမ္မလင်းမြို့တွင် မိုးရေချိန် ၂ ဒသမ ၀၈ လက်မ၊ ဖောင်းပြင်မြို့တွင်မိုးရေချိန် ၇ ဒသမ ၀၁ လက်မ၊ မော်လိုက်မြို့တွင်မိုးရေချိန် ၂ ဒသမ ၉၉ လက်မ၊ ကလေးဝမြို့တွင် မိုးရေချိန် ၂ ဒသမ ၃၆ လက်မ၊ တမူးမြို့တွင် မိုးရေချိန် ၃ ဒသမ ၂၆ လက်မ၊ မုံရွာမြို့တွင်မိုးရေချိန် ၂ ဒသမ ၉၁ လက်မ၊ ရေဦးမြို့တွင် မိုးရေချိန် ၁ ဒသမ ၀၂ လက်မ၊ ကန့်ဘလူမြို့တွင် မိုးရေချိန် သုည ဒသမ ၉၄ လက်မ၊ စစ်ကိုင်းမြို့တွင် မိုးရေချိန် ၁ ဒသမ ၆၁ လက်မ၊ မြင်းမူမြို့တွင် မိုးရေချိန် ၂ ဒသမ ၉၁ လက်မ၊ ကသာမြို့တွင် မိုးရေချိန် သုည ဒသမ ၂၈ လက်မ၊ ပင်လည်ဘူးမြို့တွင် မိုးရေချိန် ၁ ဒသမ ၆၅ လက်မ၊ ကနီမြို့တွင်မိုးရေချိန် ၂ ဒသမ ၈၃ လက်မ၊ မင်းကင်းမြို့တွင် မိုးရေချိန် ၂ ဒသမ ၀၁ လက်မ၊ ကလေးမြို့တွင် မိုးရေချိန် ၂ ဒသမ ၄၀ လက်မ၊ ရွှေဘိုမြို့တွင် မိုးရေချိန် ၁ ဒသမ ၃၄ လက်မ တို့ရွာသွန်းခဲ့ကြောင်း စစ်ကိုင်း တိုင်းဒေသကြီး မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဆိပ်ဖြူမြို့နယ် မုန်တိုင်းအန္တရာယ်တုံ့ပြန် ကာကွယ်နိုင်ရေးအသင့်အနေအထား ဆောင်ရွက်ထားရှိ

**ဆိပ်ဖြူ မေ ၃၀**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်လျက်ရှိသည့် မုန်တိုင်းငယ်အန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အသင့်အနေအထားဖွဲ့စည်းဆောင်ရွက်ထားကြောင်းသိရသည်။

မြို့နယ်သဘာဝဘေးအန္တရာယ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဌာနဆိုင်ရာများသည် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လျက်ရှိသည့် မုန်တိုင်းငယ်အန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များမဖြစ်ပေါ်နိုင်ရေးအတွက် နိုင်ငံပိုင်အဆောက်အအုံများနှင့် လုပ်ငန်းခွင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုများအား မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်း၊ အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ ပြုလုပ်ဆောင်ရွက်နိုင်ရေးတို့ကို အသိပေးဆောင်ရွက်လျက်ရှိသည်။

မြို့နယ်မီးသတ်တပ်ဖွဲ့မှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်အခြေအနေတွင် တုံ့ပြန်ကူညီကယ်ဆယ်ဆောင်ရွက်နိုင်ရေးအတွက် အသင့်အနေအထားဖြင့် စုဖွဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**

# ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အားကောင်းလာစေရန် ညှိနှိုင်းစည်းဝေး

**လှိုင်ကော် မေ ၃၀**

ပြည်နယ်အတွင်း လုံခြုံရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍများ ပိုမိုအားကောင်းစေရန် လက်တွေ့ ဖော်ဆောင်ရာတွင် အားနည်းချက်များကိုသိရှိပြီး သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အားကောင်းလာစေရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်ပြီး အားနည်းချက်များ တင်ပြဆောင်ရွက်ပေးစေလိုကြောင်း၊ လိုင်စင်မဲ့ယာဉ်များနှင့် ပတ်သက်ပြီး ထိထိရောက်ရောက် စီမံဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်ပြီး သဘာဝဘေးလုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိုးလေဝသထုတ်ပြန်ချက်များအရ မိုးကြီးခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်နိုင်ကြောင်းကို ဒေသခံပြည်သူများ သိရှိစေရေး ကြိုတင်အသိပေးထားရန်နှင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်နိုင်ရေးအစီအမံများ တင်ပြသွားရန်၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲအနေဖြင့်လည်း တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးမှာကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများက မူးယစ်ဆေးဝါးကဏ္ဍ၊ တရားမဝင် နိုင်ငံခြားသားဝင်၊ ထွက် သွားလာမှု၊ ချိန်းစောအသုံးပြု၍ တရားမဝင် သစ်လုပ်ငန်းဆောင်ရွက်နေမှု၊ သုံးဘီးဆိုင်ကယ်ရပ်နားစခန်း ဆောင်ရွက်မှုများ၊ တရားမဝင်ကုန်ပစ္စည်းများဝင်ရောက်နေမှုများနှင့် ပတ်သက်ပြီး တင်ပြဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကဏ္ဍနှင့် ပတ်သက်ပြီး အားနည်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြဆောင်ရွက်ခဲ့မှုအပေါ် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **ခရိုင်(ပြန်/ ဆက်)**

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ




**ရန်ကုန် မေ ၃၀**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၃၀ နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ကျွန်တော်တို့နိုင်ငံက ဆင်းရဲတဲ့အတွက် ကျန်းမာရေးနဲ့ ပတ်သက်လာရင်ဝန်ဆောင်မှုပေးနိုင်တဲ့ အခြေအနေက အလွန်အင်မတန်နည်းပါတယ်။ ကင်ဆာရောဂါ၊ နှလုံးရောဂါတို့ဆို ကုန်ကျစရိတ် အလွန်များတဲ့ ရောဂါတွေဖြစ်ပါတယ်။ ဒီရောဂါတွေ မဖြစ်ဖို့ဆိုရင် အသိပညာရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ ဆေးလိပ်သောက်သုံးမှုကို အသိပညာပေးမှုမျိုးနဲ့ပဲ ဆေးလိပ်မသောက်ရေးအတွက် ထိန်းချုပ်နိုင်လိမ့်မယ်လို့ ယူဆမိပါတယ်။ ဒါကြောင့် အသိတရားရှိဖို့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်"ဟုပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သုတေသနစာတမ်းများအရ ၁၅ နှစ်အထက် ဆေးလိပ်သောက်သုံးသူ အမျိုးသား ၄၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၅ ရာခိုင်နှုန်းရှိပြီး ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှု (ကွမ်းယာ) တွင် အမျိုးသား ၄၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၆ ဒသမ ၁၉ ရာခိုင်နှုန်း သုံးစွဲနေကြကြောင်း သိရသည်။

ထို့အပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ ခြောက်သန်းခန့် အရွယ်မတိုင်ခင် သေဆုံးကြောင်း၊ သေဆုံးသူများထဲမှ ဆယ်ပုံတစ်ပုံမှာ ကိုယ်တိုင်မသုံးစွဲဘဲ တခြားသူများ၏ ဆေးလိပ်သောက်သုံးမှုမှ ဖြစ်ပေါ်လာသည့် တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် သေဆုံးနေကြောင်း သိရသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုကြောင့် ရရှိလာမည့် ကျန်းမာရေးပြဿနာများ ထိန်းချုပ်ရေးဆိုင်ရာမူဝါဒများနှင့် နည်းလမ်းများကို မီးမောင်းထိုးပြလိုသည့်အတွက် နှစ်စဉ် မေ ၃၁ ရက်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆေးလိပ်မသောက်ရေးနေ့ သတ်မှတ်ကျင်းပလေ့ရှိပြီး ယခုနှစ်ဆောင်ပုဒ်မှာ "နှလုံးသွေးကြောရောဂါကင်းဝေးဖို့ ဆေးလိပ်၊ ဆေးရွက်ကြီး ရှောင်ကြစို့" (Tobacco breaks Heart) ဟု သတ်မှတ်ထားကြောင်း သိရသည်။ **ဇာနည်မောင်**

# မယ်စဲ့၌ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များထည့်သွင်းရေးဆွဲနိုင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မယ်စဲ့ မေ ၃၀**

ကမ္ဘာ့ဘဏ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအတွက် မြို့နယ်စီမံကိန်းရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ထည့်သွင်း အကောင်အထည်ဖော် ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီခွဲက မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များက ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ကဏ္ဍအသီးသီးအတွက် အုပ်စုလိုက်ဆွေးနွေးခြင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ TPICအဖွဲ့ဝင်များ၊ လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများက မြို့နယ်စီမံကိန်းရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲကို မေ ၂၉ ရက်မှ ၃၀ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲရလဒ်မှ လုပ်ငန်းများကို လာမည့်ဘဏ္ဍာနှစ်တွင် သက်ဆိုင်ရာဌာနများအလိုက် ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်ရည်ရွယ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ ဆက်)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး တိုက်ကြီးတွင် အသိပညာပေး

**တိုက်ကြီး မေ ၃၀**

တိုက်ကြီးမြို့ မင်္ဂလာရပ်ကွက် ဘောလုံးကွင်း၌ မေ ၂၃ ရက်က တိုက်ကြီးမြို့မ ရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ်ဝင်းညွန့်ထူးက သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးခြင်းနှင့် မှုခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**၅၂၆**

# သဘာဝဘေးကျရောက်ပါကအမြန်ဆုံးဆောင်ရွက်နိုင်ရန် ညောင်လေးပင်တွင် ဖိုက်ဘာစက်လှေများဖြင့် လှေ့ကျင့်




**ညောင်လေးပင် မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ဒေသဝန်းကျင်တွင် ရေကြီးရေလျှံမှုနှင့် အခြားသောသဘာဝဘေးများ ကြုံတွေ့ရပါက အမြန်ဆုံးကူညီဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် ဖိုက်ဘာစက်လှေနှစ်စင်းအား မေ ၂၉ ရက် နံနက် ၁၀ နာရီက မဒေါက်မြို့အနီး စစ်တောင်းမြစ်အတွင်း၌ စမ်းသပ်မောင်းနှင်ခဲ့သည်။

မဒေါက်မြို့ဒေသဝန်းကျင်သည် နှစ်စဉ်မိုးရာသီကာလရောက်တိုင်း ရေကြီးရေလျှံမှုများ ကြုံတွေ့ရလေ့ရှိကာ ယခုကဲ့သို့ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ခြင်းအားဖြင့် ဘေးအန္တရာယ်ကြုံတွေ့ရသည့်အခါ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မည်ဖြစ်ပြီး စက်လှေများစမ်းသပ်မောင်းနှင်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်နှင့် တာဝန်ရှိသူများပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနား တောင်ငူမြို့တွင် ကျင်းပ

**တောင်ငူ မေ ၃၀**

တောင်ငူမြို့တွင် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း နတ်သျှင်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါက်တာနော်ဥမ္မာထွန်းက ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံရေးအတွက် မိဘ၊ ဆရာ၊ ဆရာမများက ပူးပေါင်းပါဝင်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငွေကျပ် ၁၅၀၀၀၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ် ၅၀၀၀၀ နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ် ၅၀၀၀၀ တို့အား ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နီပေါနိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၃၀**

ယခုနှစ် ခရီးသွားရာသီတွင် နီပေါနိုင်ငံရှိ လုမ္ဗိနီသို့ မြန်မာနိုင်ငံမှ ခရီးသွားဦးရေ ၂၆၀၀၀ ကျော် သွားရောက်လည်ပတ်ခဲ့ကြောင်း မေ ၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Chatrium Hotel တွင်ပြုလုပ်သည့် နီပေါနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေး "Naturally Nepal: Beyond Lumbini" အခမ်းအနားမှ သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim Udas က "ခရီးသွားလုပ်ငန်းကို ပြောရမယ်ဆိုရင် မြန်မာနိုင်ငံမှာ သံရုံးစဖွင့်ပြီး ၁၉၇၀ ပြည့်နှစ် ဝန်းကျင်လောက်ကနေ တဖြည်းဖြည်း ခရီးသွားတွေ တိုးလာတာဟာ အခု ဒီနှစ် စက်တင်ဘာကနေ မေ ၁၅ ရက်အထိ လုမ္ဗိနီကိုသွားတဲ့ ခရီးသွား ၂၆၀၀၀ အတွက် ဗီဇာထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်" ဟု ပြောသည်။

၎င်းကဆက်လက်၍ "နီပေါနိုင်ငံမှာ လူသိများတဲ့ လုမ္ဗိနီဥယျာဉ်အပြင် ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်တဲ့ ဧဝရက်တောင်နဲ့အတူ လှပတဲ့ တောင်တန်းတွေကို ပိုင်ဆိုင်ထားတဲ့အတွက် တောင်တက်ခရီးတွေ လုပ်လို့ရတယ်။ ယဉ်ကျေးမှုနယ်မြေတွေသွားလို့ရတယ်၊ သဘာဝဥယျာဉ်တွေရှိတယ်ဆိုတာကို သိစေချင်လို့ ဒီပွဲကို လုပ်ဖြစ်တာပါ၊ မကြာခင်မှာလည်း ဗုဒ္ဓဂယာဘုရားဖူးကို နီပေါနိုင်ငံကနေ သွားဖို့အတွက် ဗုဒ္ဓနိုင်ငံတကာလေဆိပ်ကို လုမ္ဗိနီနဲ့ မိုင် ၂၀ သာသာဝေးတဲ့နေရာမှာ ဆောက်နေတာ အခုဆို ၅၀ရာခိုင်နှုန်း ပြီးစီးနေပါပြီဆိုတာကိုလည်း အသိပေးပြောကြားလိုပါတယ်" ဟု ပြောသည်။

အခမ်းအနားကို မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim Udas နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့က ဆီမီးထွန်းညှိ၍ ဖွင့်လှစ်သည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim Udas တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး နီပေါနိုင်ငံသို့ ကြိမ်ရေများစွာ သွားရောက်ခဲ့သည့် ဒေါ်သဇင်မြင့်အောင်နှင့် နီပေါနိုင်ငံ၏ အမြင့်ဆုံး တောင်ဖြစ်သော ဧဝရက်တောင်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် မြန်မာတောင်တက်သမားနှစ်ဦးဖြစ်သည့် ဦးပြည့်ဖြိုးအောင်နှင့် ဦးဝင်းကိုကိုတို့အား အသီးသီး ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာမှ ဖိတ်ကြားထားသော သံအမတ်ကြီးများ၊ ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် နီပေါရိုးရာအကအလှများဖြင့် ဖျော်ဖြေခဲ့သည်။ **(သီသီမင်း)**

# စိတ်ဝင်စားဖွယ် အနောက်မြောက် ခရီးစဉ်များ

ဖိုးညို(မင်းကင်း)



**ယမန်နေ့မှအဆက်**

ရွှေဘိုမြို့အတွင်းရှိ မြို့မဈေး၏ အရှေ့ဘက်တွင် အလောင်းမင်းတရားကြီး၏ နန်းတော်၊ ပြာသာဒ်နှင့် စစ်ထွက်အောင်မြေတို့ရှိပြီး မြို့ထောင့်စေတီ၊ ရွှေချက်သိုစေတီနှင့် ရွှေတန်ဆာစေတီတို့ကိုလည်း မြို့တွင်း၌ပင် လေ့လာဖူးမြော်နိုင်ကြသည်။ ရွှေဘို သနပ်ခါးတုံးများ ရန်ကုန်မြို့ကိုယူဟူ၍ နာမည်ကြီးသော ရွှေဘို သနပ်ခါးတုံးများကို ရွှေတန်ဆာဘုရားတွင် အတုပြုလုပ်၍ မရောင်းရန် သစ္စာရေသောက် ရောင်းချရကြောင်း သိရှိရသဖြင့် လွန်စွာသဘောကျဖွယ် ကောင်းလှပါသည်။

ဧရာဝတီမြစ်ကမ်းနံဘေးရှိ ကျောက်မြောင်းမြို့ နွယ်ငြိမ်းရပ်တွင် စဉ့်အိုး၊ စဉ့်ထည်လုပ်ငန်းများ တည်ရှိနေပြီး ယခုလက်ရှိတွင် စဉ့်ထည်လုပ်ငန်းရှင် ၄၂ ဦး လုပ်ကိုင်လျက်ရှိကာ နွယ်ငြိမ်းလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism) ကိုလည်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသဖြင့် စဉ့်ထည်လုပ်ငန်းများနှင့် ကျေးလက်နေပြည်သူလူထု၏ ဘဝများကို လေ့လာနိုင်သည်။

ကျောက်မြောင်းမှ ၂၄ မိုင်ခန့်အကွာတွင် ရှိမ်းမကား (တောကျောင်းကြီး) ရွှေသမင်ဘေးမဲ့တောရှိပြီး မင်းတုန်းမင်းတရားကြီးလက်ထက်မှ ခေတ်အဆက်ဆက် လှူဒါန်းခဲ့သော ကျောင်းတော်၊ ဘေးမဲ့တောသမိုင်းကို ကျောင်းထိုင်ဆရာတော်ကြီးထံတွင် ပေစာ၊ ရုံးစာများနှင့်တကွ လေ့လာလည်ပတ်နိုင်ပါသည်။

ဝက်လက်မြို့နယ်ရှိ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဟန်လင်းပျူမြို့ဟောင်းသို့ ရွှေဘိုမှ ဟန်လင်းမြို့ဟောင်းအဝင် ကတ္တရာလမ်းအတိုင်း ၁၇ မိုင်နှင့် ဟန်လင်းသို့ သုံးမိုင် ကျောက်ခင်းလမ်းအတိုင်း သွားရောက်ကာ ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ် ခေတ်သုံးခေတ်နှင့်အတူ ရေပူ၊ ရေအေးစမ်းများကိုလည်း တစ်ပါတည်း လေ့လာလည်ပတ်နိုင်သည်။

ရွှေဘိုမှ မြစ်ကြီးနားလမ်းအတိုင်း ၈၆ မိုင် ကွာဝေးသော ဇင်းရွာမှတစ်ဆင့် ဘူမိထူးခြားနယ်မြေဖြစ်သော ဇင်းတောင် လင်းနို့ဂူစခန်းသို့ သွားရောက်၍လည်း စိမ်းလန်းသောသဘာဝရှုခင်းနှင့်အတူ စခန်းချအပန်းဖြေနိုင်ပါသည်။ ထို့အပြင် ရွှေဘိုမှ ရေဦးသို့ သွားရောက်ပြီး လူသိနည်းသေးသော နန်းမတော်မယ်နု၏ အုတ်ကျောင်းသို့ သွားရောက်လေ့လာ၍ ရပါသည်။

**ကသာဇုန်**

ကသာမြို့ကို ရှမ်းဘာသာစကားဖြင့် 'ကပ်ဆာ' ဟုခေါ်ဆိုကြခဲ့ကြသည်။ 'ကပ်'သည် ဈေးဟု လည်းကောင်း၊ 'ဆာ'သည် သာယာဟုလည်းကောင်း အဓိပ္ပာယ်သက်ရောက်ပါသည်။ မန္တလေးမြို့မှ ကသာမြို့သို့ မန္တလေး-မြစ်ကြီးနား ရထားဖြင့် နဘားဘူတာတွင် ဆင်းသက်၍ နဘား-ကသာသို့လည်းကောင်း၊ သို့တည်းမဟုတ် မော်တော်ကားဖြင့် လည်းကောင်း၊ လေယာဉ်ကွင်းမရှိသော်လည်း ဗန်းမော် လေဆိပ်မှလည်းကောင်း သွားရောက်နိုင်ပါသည်။ ဗမာနှင့် ရှမ်းလူမျိုးအများစုနေထိုင်ကြပြီး မြို့လယ်တွင် သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော မြစေတီနှင့် ဘိုးတော်ဘုရားတည်ထားခဲ့သော ရွှေဂူကြီးစေတီတို့ကို ဖူးမြော်နိုင်ပါသည်။ ပြည်တွင်း ပြည်ပ ခရီးသွားများတည်းခိုရန် ဟိုတယ် သုံးလုံးနှင့် တည်းခိုခန်း ရှစ်လုံးရှိပြီး စိန်မိသားစု၊ ရန်ကုန်မြင့်မြင့်၊ စည်းစိမ် အစရှိသော စားသောက်ဆိုင်များလည်းရှိသည်။

ကသာမြို့သည် ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာကြီး George Orwell (ဂျော့ချ်အိုဝဲ)၏ Burmese Days စာအုပ်များထဲမှ စိတ်ကူးယဉ်ဇာတ်လမ်းဖြစ်သည့် 'ကျောက်တံတား' ကြောင့် ပိုမို ထင်ရှားလာပြီး ကမ္ဘာကသိသော မြို့တစ်မြို့ဖြစ်လာသည်ဆိုလျှင် မှားမည်ဟု မထင်ပါ။ မြို့ထဲတွင် ဂျော့ချ်အိုဝဲ နေထိုင်ခဲ့သော နေအိမ်အား ယခုအချိန်အထိ ပကတိအကောင်းအတိုင်း တွေ့ရှိနိုင်ပါသည်။ ထို့အတူ ဗြိတိသျှအစိုးရ ခရိုင်ရုံးစိုက်ရာဒေသဖြစ်သဖြင့် အရေးပိုင်မင်းနေအိမ်နှင့် ကိုလိုနီခေတ်အဆောက်အအုံများစွာ တွေ့ရှိနိုင်ပါသည်။

သဘာဝအခြေခံ ခရီးသွားအနေဖြင့် ကသာမြို့နှင့် ရှစ်မိုင်အကွာတွင်ရှိသော ဖက်ဆွတ်သစ်တောစခန်းနှင့် နတ်ပေါက်ဆင်စခန်းသို့ သွားရောက်အပန်းဖြေလေ့လာနိုင်သကဲ့သို့ အင်းတော်မြို့ရှိ အင်းတော်လေးအိုင်၊ ဆရာပွဲ ဖုံလုပ်ငန်းအကြောင်းနှင့် အင်းတော်မြို့အနီးရှိ မန်လည်ဆရာတော်ကြီး၏ ရွှေရောင်တောက်ပနေသော ရုပ်ကလာပ်တော်နဲ့ ကျောင်းတော်ကြီးကို သွားရောက်ဖူးမြော်ပြီး ဗိုလ်ချုပ်ဝင်းဂိတ်၏ ချင်းဒစ်(ခြသေ့်) တပ်တည်ရှိခဲ့ရာ မော်လူး (White City) ခံတပ်သို့လေ့လာလည်ပတ်၍ရသည်။

လွန်ခဲ့သောနှစ်က ပြည်တွင်းဘုရားဖူး နှစ်သိန်းကျော်လာရောက်ခဲ့သော ညနေ ၄ နာရီနှင့် ၅ နာရီ ဝန်းကျင် အချိန်ခန့်တွင်သာ ရွှေရောင်တောက်ပသော ဇလုံတောင်တော်သို့ ဖူးမြော်ကြည်ညိုရင်း ဗန်းမောက်မြို့နှင့် သုံးမိုင်အတွင်းရှိ ဇလုံတောင်တက် ကားအသင်းအနီးရှိ ဇလုံတောင် (CBT) လူထုအခြေပြု ခရီးသွားလုပ်ငန်း တည်ရှိရာသို့ သွားရောက်တည်းခိုရင်း ကဒူးရိုးရာအကများ၊ ရိုးရာလက်မှုပစ္စည်းများနှင့် ဒေသ အစားအစာများကို သွားရောက်ခံစားနိုင်ပါသည်။

**ကလေးဇုန်**

ချင်းတောင်တန်းကြီးရဲ့ အရှေ့ဘက် မြစ်သာမြစ်နှင့် နှစ်မိုင်ကွာဝေးသောနေရာတွင် 'စာကိုရေး ကလေးတည်' ဆိုတဲ့စာဆိုအတိုင်း မြန်မာသက္ကရာဇ် ၃၂၄ တွင် တည်ထားခဲ့သော ကလေးမြို့တည်ရှိနေပါသည်။ ဗမာနှင့် ချင်းလူမျိုးများနေထိုင်ရာ ကလေးခရိုင်အောက်တွင် ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ဆုံရာဒေသရှိ မြန်မာနိုင်ငံ၌ အကောင်းဆုံးကျောက်မီးသွေးထွက်ရှိရာ ကလေးဝမြို့နှင့် 'နေလို မင်းကင်း၊ စားလို တောင်တွင်း ၊ သေလို မောက္ကတော်' ဟူသည့် စာဆိုပါ မင်းကင်းမြို့တို့ တည်ရှိနေပါသည်။ ထင်ရှားသည့်တန်ခိုးကြီးဘုရားများမှာ ရွှေဘုံသာစေတီနှင့် ရွှေစကားညီနောင်ဟုခေါ်တွင်ကြသည့် စကားလှဘုရားတည်ရှိကာ ရွှေစကားဘုရားမှာမူ မင်းကင်းမြို့တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

ကလေးမြို့သို့ လေကြောင်း၊ မော်တော်ကားလမ်းကြောင်းများဖြင့် သွားရောက်နိုင်ပြီး ကလေးမြို့မှ တစ်ဆင့် ချင်းပြည်နယ်ရှိ ဟားခါးမြို့၊ ဖလမ်းမြို့၊ တီးတိန်မြို့နှင့် အသည်းပုံသဏ္ဌာန် ရိဒ်ရေကန်သို့ သွားရောက်အပန်းဖြေလည်ပတ်နိုင်ပါသေးသည်။ မြန်မာနိုင်ငံရှိ အကောင်းဆုံး ကျောက်မီးသွေးဖြစ်သည့် Sub-bituminus အများဆုံးထွက်ရှိရာ ကလေးဝမြို့သို့ ၂၄ မိုင်ခန့်သာ ကွာဝေးသောကြောင့် သွားရောက်လေ့လာ၍ရသည်။ ရာဇဂြိုဟ်ဆည်သည် ကလေးမြို့နှင့် ၂၈ မိုင်အကွာတွင် တည်ရှိနေပြီး အိန္ဒိယနယ်စပ်မြို့ဖြစ်သည့် တမူးမြို့သို့ သွားရောက်ကာ မိုရေးမှ အိန္ဒိယပစ္စည်းများ ဝယ်ယူခြင်းများလည်း ပြုလုပ်နိုင်သည်။

ပြောင်ဘုတ်လမ်းမှတစ်ဆင့် ကဘော်ချိုင့်ဝှမ်းလွင်ပြင်ကြီးကို ငေးမောရင်း ၄၉ မိုင်ခန့်သာ ကွာဝေးသော မော်လိုက်မြို့နယ်အစပ်ရှိ ဘုရားရှင်လက်တော်ဆေးကြောခဲ့ရာ ထူးဆန်းသာယာသော လက်ဆေးကန်သို့လည်း သွားရောက်လေ့လာလည်ပတ်ရင်း မော်လိုက်မြို့ရှိ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ဂေါက်ကွင်းနှင့်အတူ ပျားစွဲဆင်စခန်း၊ ကိုလိုနီခေတ်က အဆောက်အအုံများကို လေ့လာလည်ပတ် အနားယူနိုင်ပါသည်။

**ခန္တီးဇုန်**

မန္တလေးမှ ခန္တီးသို့ လေကြောင်းဖြင့် တိုက်ရိုက်သွားလာနိုင်ပြီး မန္တလေးမှ မုံရွာသို့ မော်တော်ကားစီး၍ မုံရွာမှ ချင်းတွင်းမြစ်ကြောင်းအတိုင်း စက်လှေ၊ သင်္ဘောများဖြင့်လည်း သွားရောက်နိုင်သည်။ ခန္တီးမြို့တွင် စည်ပင်လိုင်စင်ရ တည်းခိုခန်း ရှစ်လုံးရှိသော်လည်း ဟိုတယ်အဆင့် တည်းခိုစရာမရှိသေးပါ။ စားသုံးရန်အနေဖြင့် ပြုံးသဇင်၊ တော်ဝင်နှင်းဆီ၊ ရွာဦးစသော စားသောက်ဆိုင်များရှိသည်။

ခန္တီးမြို့ကို အခြေပြုလျက် နန်စီပွန်ကျေးရွာအနီးတွင်ရှိသော ကျောက်စိမ်းထွက်ရှိရာ ခန္တီးရတနာမြေသို့ စီးပွားရေးအတွက်သော်လည်းကောင်း၊ လေ့လာရေးအတွက်သော်လည်းကောင်း သွားရောက်နိုင်ပါမည်။ သမန်းကျား (လူအသွင်ပြောင်းနိုင်သည်) ဟု ငယ်စဉ်ကသိရှိခဲ့သော ကျားမျိုးစိတ်ကို ထမံသီဘေးမဲ့တောသို့သွားရောက်၍ လေ့လာလည်ပတ်ရင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နာဂဒေသရှိ လေရှီး၊ လဟယ်မြို့များသို့ အလည်အပတ် သွားရောက်နိုင်ပါသည်။ နန်းယွန်းမြို့ရှိ ဒေါ်ခင်ကြည်ရိပ်သာနှင့် နန်းယွန်းမှတစ်ဆင့် သာယာလှပသော Lake of No Return (နောင်ယန်းအင်း)သို့လည်း သွားရောက်လေ့လာ အပန်းဖြေနိုင်သည်။

**တိုးတက်ပြောင်းလဲလာမှု**

စစ်ကိုင်းတိုင်းဒေသကြီးသည် ခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် ခရီးစဉ်ဒေသများစွာဖြင့် မပျက်စီးသေးသော သဘာဝအရင်းအမြစ်များ၊ ပျူငှာဖော်ရွေသော ဓလေ့ထုံးတမ်းများမွေးပျံ့လျက် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံအေးချမ်းစွာနေထိုင်ကြသော တိုင်းဒေသကြီးတစ်ခုဖြစ်သကဲ့သို့ တိုင်းဒေသကြီးများထဲတွင် ဧရိယာအကျယ်ဝန်းဆုံးသော ဒေသကြီးဖြစ်သည်။

ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဝင်ရောက်မှုများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များကို နှိုင်းယှဉ်ကြည့်ရာတွင် ၁၅ ဒသမ ၁၄ ရာခိုင်နှုန်းတိုးတက်လာပြီး အတိအကျအားဖြင့် ဆိုလျှင် ၂၀၂၃၉ ဦး တိုးတက်ဝင်ရောက်လာကြောင်း တွေ့ရှိရပါမည်။ ပြည်တွင်း၊ ပြည်ပဧည့်သည် ဝင်ရောက်တည်းခိုမှု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်ကို နှိုင်းယှဉ်ကြည့်ရာတွင် ၁၉ ဒသမ ၈၀ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရသည်။

ခရီးသွားပြည်သူများအတွက် အများသုံးသန့်စင်ခန်းများကို အသစ်တည်ဆောက်ခြင်း၊ စက်ဆုံးဆီဆိုင်များနှင့် ပူးပေါင်းပြီး အများသုံးသန့်စင်ခန်းများအသုံးပြုနိုင်ရေး ဆိုင်းဘုတ်များထောင်ကာ ပြသထားသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၏ ထူးခြားသောဝန်ဆောင်မှုဖြစ်နေပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ချက်များကြောင့် ၂၀၁၇ခုနှစ် စက်တင်ဘာလတွင် နေပြည်တော်၌ ကျင်းပခဲ့သော ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့တွင် 'အကောင်းဆုံး သန့်စင်ခန်း စီမံဆောင်ရွက်နိုင်သောဆု' ကို ဆွတ်ခူးနိုင်ခဲ့ပေသည်။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အစိုးရအဖွဲ့နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ဆက်စပ်ဌာနများတွင်လည်း တာဝန်ရှိသကဲ့သို့ ပြည်သူလူထု၏ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ခရီးသွားလုပ်ငန်း၏ အကျိုးဆက်များဖြစ်သည့် အလုပ်အကိုင်ပေါများခြင်း၊ တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိခြင်းနှင့် ဆင်းရဲမွဲတေမှု လျှော့ချနိုင်ခြင်း စသည့် အကျိုးဆက်များကို စစ်ကိုင်းတိုင်းဒေသကြီးရှိ ပြည်သူများ ခံစားကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

> ❝ ခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် ခရီးစဉ်ဒေသများစွာဖြင့် မပျက်စီးသေးသော သဘာဝအရင်းအမြစ်များ၊ ပျူငှာဖော်ရွေသော ဓလေ့ထုံးတမ်းများမွေးပျံ့လျက် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ အေးချမ်းစွာနေထိုင်ကြသော တိုင်းဒေသကြီး တစ်ခု... ❞

# ရေချိုးဖို့လိုအပ်နေတဲ့ တေလာဆွစ်

ဂရမ်မီဆုများရှင် အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်အနေနဲ့ ရေချိုးဖို့လိုအပ်နေပြီ ဖြစ်ကြောင်း လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ရေဒီယိုအင်တာဗျူးတစ်ခုမှာ အင်တာဗျူး မေးမြန်းခဲ့သူက ပြောကြားလိုက်တာဖြစ်တယ်လို့ ယူအက်စ်ဝိခ်ကလီးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ပြီးခဲ့တဲ့ သီတင်းပတ်အကုန်မှာ ဘီဘီစီ ရေဒီယို-၁ နဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ အင်တာဗျူးမေးမြန်းခဲ့သူ ဂရက်ဂျိမ်းစ်က တေလာဆွစ်ကို "တွေ့ဆုံရတာဝမ်းသာပါတယ်၊ လောလောဆယ်တော့ မင်းရေချိုးသင့်တယ်လို့ ငါထင်ပါတယ်"လို့ စနောက် ပြောကြားလိုက်တာ ဖြစ်ပါတယ်။

ဒီလိုပြောကြားရတဲ့အကြောင်းကလည်း ရှိနေပါတယ်။ တေလာဆွစ်ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဆွမ်ဆီးမှာ ဖျော်ဖြေပွဲ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ အဲဒီမြို့မှာတော့ အပူချိန်အလွန်မြင့်နေပါတယ်။ တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲမှာတော့ ဆွမ်ဆီးရဲ့ အပူချိန်ဟာ ၇၁ ဒီဂရီအထိ မြင့်နေပြီး ပေါ့ပ်ကြယ်ပွင့်ဟာ နေရောင်အောက်မှာပဲ ပရိသတ် ၂၆၀၀၀ အကြား ဖျော်ဖြေပွဲပြုလုပ်ခဲ့တာပါ။ ဒါကြောင့် ချွေးတွေထွက်ကာ အလွန်ပင်ပန်းခဲ့ရတဲ့ ဖျော်ဖြေပွဲ ဖြစ်ခဲ့ပါတယ်။

လတ်တလောမှာ အသက် ၂၈ နှစ် အရွယ်ရှိပြီဖြစ်တဲ့ ဂရမ်မီ ၁၀ ဆုပိုင်ရှင် တေလာဆွစ်ကို အထက်ပါအတိုင်း ပြောကြားခဲ့တဲ့ အင်တာဗျူးမေးမြန်းခဲ့သူရဲ့ စနောက်မှုအပေါ် တေလာဆွစ်က သူ့အနေနဲ့လည်း ရေချိုးသင့်တယ်ဆိုတာကို ထောက်ခံကြောင်းသာ တုံ့ပြန်ခဲ့ပါတယ်။ ဒီလို ပြောကြားခဲ့တဲ့ အပေါ် တေလာဆွစ်ရဲ့ ပရိသတ်တွေက အွန်လိုင်းမီဒီယာတွေပေါ်ကနေတစ်ဆင့် တုံ့ပြန်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ပရိသတ်တစ်ဦးကတော့ နှစ်တွေအတော်ကြာမှ ပြုလုပ်ခဲ့တဲ့ တေလာဆွစ်ရဲ့ အင်တာဗျူးမှာ ယခုလို စနောက်ခံခဲ့ရတဲ့အတွက် စိတ်မကောင်းဖြစ်မိကြောင်း ရေးသားဖော်ပြထားပါတယ်။ အခြားသောပရိသတ်တစ်ဦးကတော့ ဒီလိုပြောကြားလိုက်တာဟာ တေလာဆွစ်ကို ချွေးတွေကြောင့် အနံ့ဆိုးတွေထွက်နေပြီဖြစ်ကြောင်း သွယ်ဝိုက်ပြောကြားလိုက်တာ ဖြစ်တယ်လို့လည်း ဝေဖန်ရေးသားထားတာတွေ့ရပါတယ်။



အေးပြည့်-ရေးသားသည်

# ဘယ်လာဟာဒစ်အလိုကျ ဆယ်လီနာဂိုမက်ဇ်ကို ရှောင်နေခဲ့တဲ့ သယ်ဝိခ်ကန်းဒ်



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်သုံးဦးရဲ့ အချစ်ဇာတ်လမ်းကတော့ ဟောလိဝုဒ်ပရိသတ်တွေအနေနဲ့ သိပြီးဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ တစ်ကျော့ပြန်လက်တွဲခဲ့ကြတဲ့ အာရန်ဘီတေးသံရှင် သယ်ဝိခ်ကန်းဒ်အနေနဲ့ ဗစ်တိုးရီးယား စီးကရက်ထ်မော်ဒယ်လ် ဘယ်လာဟာဒစ်ရဲ့အလိုကိုလိုက်ကာ နှစ်ဦးသား အတူရှိနေချိန်မှာ ချစ်သူဟောင်း ဆယ်လီနာ ဂိုမက်ဇ်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ရှောင်ရှားဖို့ရာ နှစ်ဦးသဘောတူထားတာ ဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တစ်ချိန်က ချစ်သူတွေအဖြစ် တစ်နှစ်ကျော် နှစ်နှစ်နီးပါးလက်တွဲခဲ့ကြတဲ့ သယ်ဝိခ်ကန်းဒ်နဲ့ ဘယ်လာဟာဒစ်တို့ဟာ ယခုနှစ် နှစ်စပိုင်းမှာ ချစ်သူတွေအဖြစ် ပြန်လည်တွေ့ဆုံနေကြောင်း သတင်းတွေ ထွက်ခဲ့ပါတယ်။ ဒါပေမယ့် တရားဝင်တွဲသွားတာမျိုး မတွေ့ခဲ့ရပါဘူး။ ပြီးခဲ့တဲ့ ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်မှာတော့ သူတို့နှစ်ဦးအတူတက်ရောက်ခဲ့တာ တွေ့ရပါတယ်။ အတူလက်တွဲကာ ပါတီပွဲတွေတက်ရောက်ခဲ့ကြတာကြောင့် နှစ်ဦးသား ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ပြီဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။

ဒီလို နောက်တစ်ကြိမ် ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ချိန်မှာတော့ လမ်းခွဲခဲ့စဉ်ကာလက သယ်ဝိခ်ကန်းဒ်နဲ့ ချစ်သူတွေဖြစ်ခဲ့ကြတဲ့ ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်အကြောင်းကို မေ့ထားချင်ခဲ့တာ ဖြစ်ပါတယ်။ ဘယ်လာဟာဒစ်ရဲ့ သူငယ်ချင်းတွေ ပြောကြားချက်အရ စူပါမော်ဒယ်လ်ဟာ သူနဲ့ သယ်ဝိခ်ကန်းဒ်တို့နှစ်ဦးအတူရှိနေချိန်မှာ ဆယ်လီနာဂိုမက်ဇ်အကြောင်းပြောဆိုတာ၊ ဆွေးနွေးတာမျိုးတွေ မပြုလုပ်လိုကြောင်းနဲ့ သယ်ဝိခ်ကန်းဒ်ကလည်း ချစ်သူအလိုကျနေဖို့ရာ သဘောတူထားတာပါ။ ဘယ်လာဟာဒစ်ဟာ ဆယ်လီနာဂိုမက်ဇ်ရဲ့ အကြောင်းတွေကို ကြားရချိန်တိုင်း ခံစားနေရဆဲဖြစ်ကာ ဆယ်လီနာကို အတိတ်မှာသာ ထားခဲ့ချင်တာဖြစ်တယ်လို့လည်း သိရပါတယ်။

"Starboy"တေးသံရှင် သယ်ဝိခ်ကန်းဒ်ကိုယ်တိုင်ကလည်း ဆယ်လီနာဂိုမက်ဇ်ကို မေ့ပစ်ချင်ခဲ့တာ ဖြစ်ပါတယ်။ သယ်ဝိခ်ကန်းဒ်ဟာ မကြာသေးမီက တေးအယ်လ်ဘမ်သစ်တစ်ခုလုံးကို ပရိသတ်ကို ကြိုတင်ထုတ်ဖော်အသိပေးခဲ့ခြင်းမရှိဘဲ ထုတ်လွှင့်ပေးခဲ့ပါတယ်။ ယင်းတေးအယ်လ်ဘမ်မှာလည်း ဆယ်လီနာနဲ့ သူ့ရဲ့ဇာတ်လမ်းတွေကို ထည့်သွင်းရေးသားထားကာ ဆယ်လီနာအပေါ် ထားရှိတဲ့ သူ့ရဲ့ ခံစားချက်တွေကိုလည်း ထုတ်ဖော်ထားတာ တွေ့ရပါတယ်။ ဒီတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတွေကို နားထောင်ရတာဟာ ဘယ်လာအတွက်တော့ အဆင်မပြေသလို ခံစားနေရပြီး ဒါဟာ သယ်ဝိခ်ကန်းဒ်အနေနဲ့ ဆယ်လီနာနဲ့ပတ်သက်ပြီး နောက်ဆုံးပြုလုပ်ခဲ့တဲ့အရာပါ။ ရှေ့လျှောက် သယ်ဝိခ်ကန်းဒ်ဟာ ဘယ်လာဟာဒစ်ကို ပျော်ရွှင်စေမယ့်အရာတွေကိုသာ လုပ်ဆောင်သွားလိုတာဖြစ်တယ်လို့လည်း သိရပါတယ်။

# ဘက်ထရီပါဝင်ခြင်းမရှိသည့် လျှပ်စစ်စွမ်းအင်သုံးကား ဖန်တီးနေသည့် Lamborghini



Lamborghini ကားကုမ္ပဏီသည် ဘက်ထရီပါဝင်ခြင်း မရှိသည့်မြန်နှုန်းမြင့် လျှပ်စစ်စွမ်းအင်သုံးပြိုင်ကားတစ်မျိုး ဖန်တီးနေကြောင်း နည်းပညာသတင်းစာမျက်နှာတစ်ခုတွင် အဆိုပါကားထုတ်လုပ်ရေးမှ သုတေသနအရာရှိတစ်ဦးဖြစ်သူ Reggiani ၏ ဖြေကြားချက်များကို တွေ့ရသည်။ Lamborghini အမှတ်တံဆိပ်သည် ဥရောပတွင်သာမက အာရှ၊ အမေရိက စသည့်ဒေသများတွင်ပါ အောင်မြင်မှုများစွာရရှိထားပြီး စွမ်းဆောင်ရည်နှင့် မြန်နှုန်းမြင့် တန်ဖိုးကြီး ပြိုင်ကားအများအပြား ထုတ်လုပ်ရောင်းချနေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ယခုကဲ့သို့လျှပ်စစ်စွမ်းအင်သုံး ပြိုင်ကားစမ်းသပ်ဖန်တီးနေခြင်းသည် ဈေးကွက်အတွင်း စွမ်းဆောင်ရည်နှင့် မြန်နှုန်းမြင့်လျှပ်စစ်စွမ်းအင်သုံးပြိုင်ကားတစ်မျိုး မကြာမီနှစ်များအတွင်း မြင်တွေ့ရဖွယ်ရှိနေကြောင်းသိရသည်။

အဆိုပါသုတေသနအရာရှိ Reggiani မှ ယခုကဲ့သို့ မြန်နှုန်းမြင့်ပြိုင်ကားများကို လျှပ်စစ်စွမ်းအင်ဖြင့် မောင်းနှင်ရန်မှာ ဘက်ထရီတပ်ဆင်ထားသည့် နည်းပညာဖြင့် တည်ဆောက်ထားလျှင် ပြီးပြည့်စုံသည့်ပြိုင်ကားတစ်စီးကဲ့သို့ အရှိန်မြင့်မောင်းနှင်ရန် မလွယ်ကူကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဘက်ထရီ၏အလေးချိန်ကြောင့် ကားကို ထိန်းချုပ်ရန်နှင့် မြန်နှုန်းမြင့်မောင်းနှင်ရန် အခက်အခဲများရှိလာနိုင်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။ ယနေ့ကာလတွင် ဈေးကွက်အတွင်း Tesla ကဲ့သို့ အမြန်ဆုံးမောင်းနှင်နိုင်သည့် လျှပ်စစ်ကားများရှိသော်လည်း ကားပြိုင်ကွင်းကဲ့သို့ နေရာမျိုးတွင် ထိန်းချုပ်မောင်းနှင်ရန် မလွယ်ကူကြောင်း၊ မိမိတို့ထုတ်လုပ်မည့် လျှပ်စစ်စွမ်းအင်သုံး Super Sports ကားအမျိုးအစားများမှာ တစ်နာရီလျှင်မိုင် ၁၉၀ နှုန်းနီးပါးခန့်ရှိသောအရှိန်နှင့် ကားပြိုင်ကွင်းအတွင်း သုံးပတ်ခန့်ဆက်တိုက် ပတ်နိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ လျှပ်စစ်စွမ်းအင်သုံးပြိုင်ကားကို Lamborghini Terzo Millennio ဟုအမည်ပေးသွားမည်ဖြစ်ပြီး ယခင်နှစ်က နမူနာမိတ်ဆက်ပေးသွားခဲ့မှုရှိခဲ့ကာ ၎င်းလျှပ်စစ်ကားအတွက် စွမ်းအင်များကို ကား၏ကိုယ်ထည်နှင့် အတွင်းထိုင်ခုံများကဲ့သို့သော နေရာများတွင် သိုလှောင်ထားနိုင်ရန် စမ်းသပ်ဖန်တီးနေပြီး လာမည့်သုံးနှစ်အတွင်း အဆိုပါနည်းပညာအောင်မြင်ပါက ဘက်ထရီပါဝင်ခြင်းမရှိသည့် လျှပ်စစ်စွမ်းအင်သုံးပြိုင်ကားများကို လက်တွေ့မြင်တွေ့လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

စာထီ

# အွန်လိုင်းမှ ဗီဒီယိုများ တိုက်ရိုက်ကြည့်ရှုနိုင်မည့် အက်ပလီကေးရှင်း အသစ်တစ်ခု Huawei၊ တယ်လီနောနှင့် WowBox တို့ပူးပေါင်း၍စတင်မိတ်ဆက်

**ရန်ကုန် မေ ၃၀**

တယ်လီနော၊ Huawei နှင့် WowBox တို့ပူးပေါင်း၍ အွန်လိုင်းမှ ဗီဒီယိုများအား တိုက်ရိုက်ကြည့်ရှုနိုင်မည့် အက်ပလီကေးရှင်းအသစ်တစ်ခုကို စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။ WowPlay ဟု အမည်ပေးထားသည့် အဆိုပါ Android အက်ပလီကေးရှင်းအား တယ်လီနောဖုန်းကတ် အသုံးပြုသူများအတွက် ရည်ရွယ်မိတ်ဆက်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

"အသုံးပြုသူတွေက သီချင်းနားထောင်တာတို့၊ ဗီဒီယိုကြည့်တာတို့ကို နှစ်သက်ကြပါတယ်၊ နေ့စဉ်နဲ့အမျှ တိုးတက်များပြားလာနေတဲ့ ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ် ဖျော်ဖြေရေး ဝန်ဆောင်မှုတွေစာရင်းမှာ WowPlay ကို ထပ်မံ ထည့်သွင်းအကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်၊ အသုံးပြုသူတွေအနေနဲ့ မြန်မာနိုင်ငံက ကွန်ရက်ပေါ်မှာ သူတို့ကြိုက်နှစ်သက်တဲ့ ဇာတ်ကားတွေ၊ ရုပ်ရှင်စီးရီးတွေ၊ တီဗွီအစီအစဉ်တွေ၊ သီချင်းတွေကို အလွယ်တကူ ကြည့်ရှုနားဆင်နိုင်ဖို့အတွက် ရည်ရွယ်ပြီး အခုလို အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ အသုံးပြုသူတွေအနေနဲ့ ထူးခြားပြီး ကောင်းမွန်တဲ့ ဗီဒီယို ကြည့်ရှုမှု အတွေ့အကြုံကို ခံစားနိုင်စေဖို့အတွက် ဒီအစီအစဉ်ကို Huawei နဲ့ ပူးပေါင်းပြီး တစ်နှစ်ကျော်ကြာ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်၊ ရရှိထားပြီးဖြစ်တဲ့ အကြံပြုချက်တွေအပေါ် အခြေခံပြီး အသုံးပြုသူတွေ အွန်လိုင်းကနေ ဗီဒီယိုတွေကို တိုက်ရိုက်ကြည့်ရှုနိုင်မယ့် ဒီအက်ပလီကေးရှင်းအသစ်ကို အခုလို မိတ်ဆက်တာလည်းဖြစ်ပါတယ်" ဟု တယ်လီနောမြန်မာ၏ ဈေးကွက် ဖော်ဆောင်ရေး အရာရှိချုပ် Joslin Myrthong က ပြောကြားသည်။

"အသုံးပြုသူတွေအနေနဲ့ သူတို့ရဲ့ အားလပ်ချိန်တွေမှာ အရည်အသွေးကောင်းမွန်ပြီး မြန်မာနိုင်ငံနဲ့ ကိုက်ညီမှုရှိတဲ့ ဗီဒီယိုတွေကို မြန်မြန်ဆန်ဆန်ရှာဖွေကြည့်ရှုလိုတဲ့အခါမှာ သုံးစွဲသူအကြိုက်ဆုံး ရွေးချယ်စရာ အက်ပလီကေးရှင်း တစ်ခုဖြစ်လာစေဖို့ ရည်ရွယ်ပြီး ဒီ Wow Play ကို မိတ်ဆက်ခဲ့တာ ဖြစ်ပါတယ်၊ အသုံးပြုသူတွေအနေနဲ့ ဗီဒီယိုတွေကို အွန်လိုင်းကနေ တစ်ခါတည်း ကြည့်ရှုနိုင်မှာဖြစ်တဲ့အပြင် နောက်မှ ကြည့်ရှုချင်တယ်ဆိုရင်လည်း ဒေါင်းလုတ်ရယူထားနိုင်မှာ ဖြစ်ပါတယ်၊ ဒါ့အပြင် အပလီကေးရှင်းမှာ ပါဝင်တဲ့ ဗီဒီယိုအများစုကို ကြည့်ရှုခအခမဲ့နဲ့ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်၊ Wow Play အပလီကေးရှင်းဟာ အသုံးပြုရ အလွန်လွယ်ကူတဲ့အပြင် ဒီအပလီကေးရှင်းကနေ တစ်ဆင့် ဈေးနှုန်းသက်သာပြီး အပူအပင်ကင်းကင်း အသုံးပြုနိုင်မယ့် သုံးစွဲမှုအတွေ့အကြုံတွေကို ပေးအပ်သွားဖို့ ရည်ရွယ်ထားပါတယ်" ဟု Huawei Technologies (Yangon) Co., Ltd ၏ နည်းပညာဆိုင်ရာ အရာရှိချုပ် Wen Tao က ပြောကြားကြောင်း သိရသည်။

WowPlay အသုံးပြုသူများအနေဖြင့် ဇာတ်လမ်းတို ဗီဒီယိုလေးများမှစ၍ ရုပ်ရှင်ဇာတ်ကားကြီးများအထိ စိတ်ကြိုက်ရှာဖွေနိုင်မည်ဖြစ်ပြီး မည်သည့်အချိန် မည်သည့်နေရာတွင်မဆို ကြည့်ရှုနိုင်မည် ဖြစ်သည်။ မြန်မာ၊ ထိုင်း၊ တရုတ်၊ ဟောလိဝုဒ်တို့နှင့် နိုင်ငံများစွာမှ ဇာတ်ကားများ၊ ရုပ်ရှင်စီးရီးများ၊ ဗီဒီယိုများအပြင် အခြားများစွာသော ဗီဒီယိုဇာတ်လမ်းတိုများကိုလည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။ WowPlay သည် အွန်လိုင်းမှ ဗီဒီယိုတိုက်ရိုက်ကြည့်ရှုနိုင်သည့် ဝန်ဆောင်မှုအား ယခုမှ စတင်ရယူသုံးစွဲမည့် အသုံးပြုသူများအတွက် ရည်ရွယ်လုပ်ဆောင် လိုက်သည့် ဝန်ဆောင်မှုဖြစ်ပြီး ရင်းနှီးကျွမ်းဝင်ပြီးသား ဗီဒီယိုများနှင့် ဗီဒီယိုအသစ်များကို ကြည့်ရှုနိုင်စေရန် ဖန်တီးထားခြင်းဖြစ်သည်။ ထို့အပြင် အသုံးပြုသူများသည် ၎င်းတို့ ကြိုက်နှစ်သက်သော ဗီဒီယိုများအား offline ကြည့်ရှုနိုင်ရန် မိုဘိုင်းဖုန်းသိုလှောင်မှုအား အသုံးပြုစရာမလိုဘဲ ဒေါင်းလုတ်ရယူထားနိုင်မည်ဖြစ်သည်။

ALEX

# စစ်တွေမြို့၌ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## လက်ရှိ ဝင်ရောက်လာသူ ၆၂ ဦးကို ပြန်လည်နေရာချထားရေး စီမံဆောင်ရွက်ပေးလျက်ရှိ

**စစ်တွေ မေ ၃၀**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ကော်မတီတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဟူ၍ လုပ်ငန်းတာဝန်နှစ်ရပ် ပါဝင်ပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ပြည်ပသို့နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

# ရန်ကုန်မြို့တွင် ကျောင်းကားသစ်များ၏ စီးနင်းခနှုန်းထား မြို့နယ်အလိုက် သတ်မှတ်

**ရန်ကုန် မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယခင်နှစ်က ဝယ်ယူထားခဲ့သော ဘယ်မောင်း အဝါရောင် ကျောင်းကြို၊ ပို့ယာဉ်များ၏ စီးနင်းခနှုန်းထားကို မြို့နယ်အလိုက် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ယခင်နှစ်က ဝယ်ယူခဲ့သော ကျောင်းကားသစ် အစီး ၂၀၀ အနက် အစီး ၁၀၀ ကျော်ကို ယခုနှစ်တွင် ကမာရွတ် TTC နှင့် ရန်ကင်း TTC တွင် စတင်အသုံးပြုသွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ တစ်ဦးချင်းအလိုက် ကြို၊ ပို့ စီးနင်းခနှုန်းထားကို မြို့နယ်အလိုက် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ရာ အနည်းဆုံး ကျပ် ၃၅၀၀၀/၄၀၀၀၀ မှ အများဆုံး ကျပ် ၇၀၀၀၀ ခန့်ဖြစ်ကြောင်း အဆိုပါအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

"အခုက ကတော့ ကျောင်းကားလိုအပ်ချက်ရှိနေတဲ့ TTC ကျောင်းနှစ်ကျောင်းမှာ အစီး ၁၀၀ နဲ့ စတင်ပြေးဆွဲပေးမှာပါ၊ စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် ကျင်းပ



မကွေးအသင်းနှင့် ဒဂုံအသင်းယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် မေ ၃၀**

၂၀၁၈ ဘောလုံးရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ပထမနေ့)ကို ယနေ့ ညနေပိုင်းက ကျင်းပရာ အောင်ဆန်းကွင်းတွင် မကွေးအသင်းက ဒဂုံအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

၂၀၁၇ ရှုံးထွက် ချန်ပီယံမကွေးအသင်းသည် ဂိုးပြတ်အနိုင်ရလဒ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ မကွေးအသင်းသည် အနိုင်ရခဲ့သော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ပထမပိုင်းတွင် ကစားပုံ သိသိသာသာ ဆိုးရွားခဲ့သည်။ ဒဂုံအသင်းမှာမူ ပထမတန်းအသင်းဖြစ်သည့်အပြင် ယခုပွဲတွင် ခြေစွမ်းပြနိုင်ခြင်းမရှိသောကြောင့် ခြေပြတ်၊ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။

မကွေးအသင်းသည် အမာခံကစားသမားအချို့ကို ပွဲထွက်လူစာရင်းမှ ချန်လှပ်ခဲ့သော်လည်း ကျော်ဇင်ဖြိုး(ဂိုး)၊ ကျော်စွာလင်း၊ မောင်မောင်စိုး၊ အောင်မြင့်ထွန်း စသည့် အတောင့်တင်းဆုံး လူစာရင်းဖြင့် ပွဲထွက်ခဲ့သည်။ မကွေးအသင်းသည် ဒဂုံအသင်းထက် အစစအရာရာ သာသော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရှုန်းကန်ခဲ့ရသည်။ ဒဂုံအသင်းမှာလည်း စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ■

# ကုန်းတွင်းမုန်တိုင်းငယ် အားလျော့သွားပြီ

**နေပြည်တော် မေ ၃၀**

ယနေ့တိုင်းထွာချက်များအရ ကုန်းတွင်းမုန်တိုင်းငယ် (Land Depression) သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီးနောက် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားပြီဖြစ်သည်။

မုန်တိုင်း၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက် ၂၄ နာရီအတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"

ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း

(KG မှ တက္ကသိုလ်ဝင်တန်းအထိ)

"ရွှေပင်နားမှ ရွှေကျေး"

ပညာရေး အဆင့်မြင့် ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ



အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
- ဂုဏ်ထူးဦးသိန်းနိုင်
- ဆရာနေအုပ်(စိန်ပေါလ်)
- ဂုဏ်ထူးဦးအောင်ခိုင်
- ဒေါက်တာညီညီ(Ph.D)
- ပါမောက္ခ ဒေါက်တာထွန်းခင်
- ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
- ဆရာ ဇော်လင်းအောင်
- ဒေါက်တာ ဇီဝ(Dr. ညီညီနိုင်)
- စိုင်းစိန်မြင့်အောင်

ယခုနှစ်မှ စ၍ နှစ်ဆတိုး ပညာရေးမြှင့်တင်ချက် အထူးအစီအစဉ်

ကျောင်းသားရော မိဘပါ အလွန် နှစ်ခြိုက် အားတက်နေကြသည်။

ဤအထက်တန်းကျောင်းကြီးတွင် တက်ရောက်နေသူ ဘော်ဒါကျောင်းသား/သူများနှင့် DAY ဘော်ဒါများ အားလုံး
- နံနက် ၇:၃၀ နာရီ မှ ၁၂:၁၅ နာရီအထိ ကျောင်းတက်ချိန်။
- ၁၂:၁၅ မှ ၁:၀၀ နာရီအထိ နေ့လယ်စာ ထမင်းစားချိန် ခေတ္တနား။
- နေ့လယ် ၁:၀၀ နာရီ မှ ၅:၃၀ နာရီအထိ ဝါရင့် ကျွမ်းကျင် GUIDE ဆရာ (၆) ဦးနှင့် GUIDE အချိန်။
- ညနေ ၆:၀၀ နာရီ မှ ၇:၃၀ နာရီအထိ သီးခြား ဝါရင့် ကျွမ်းကျင် GUIDE တစ်ဖွဲ့နှင့် ထပ်မံ GUIDE လုပ်ပြီး တစ်နေ့တာ လေ့ကျင့်ခန်းများ ပြီးစီးအောင် လုပ်ချိန်။
- ည ၈:၃၀ မှ ၁၀:၃၀ နာရီအထိ စာ အရကျက်ချိန်။

(၃.၅.၁၈) မှ စတင်၍ အချိန်အဟုန်နှင့် စတင်နေပြီဖြစ်ကြောင်း လက်တွေ့လာရောက် လေ့လာပြီးမှ အပ်နှံပါ။

အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final) ကိုယ်တိုင်ကြီးကြပ်သည်။

ကျောင်းလိပ်စာ ခြံအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဇယန္တာလမ်းမကြီး၊ ထွန်းစီတီအိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၃၉၊ ၀၉ ၄၂၁၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂

ဇွန် (၁) ရက်နေ့ တန်းခွဲသစ် တစ်ခွဲ ထပ်ဖွင့်မည်။